ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့ **(11-3-2012)** (၇၀၆၁)

ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

အင်းလေးကန်ကြီး မပျက်စီးအောင်၊ ရေရှည်တည်တံ့နေအောင် သားစဉ်မြေးဆက် စဉ်ဆက်မပြတ်ထိန်းသိမ်းစောင့်ရှောက် ရေဝေရေလဲဒေသ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သစ်တောသစ်ပင်ထိန်းသိမ်းမှု၊ သစ်ပင်များစိုက်ပျိုးမှုဖြင့် ပြန်လည်ကုစား

တိုးပွားလာနေသည့် လူဦးရေအတွက် Village Plan ရေးဆွဲပြီး စနစ်တကျ နေရာချထားဆောင်ရွက်

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ ဦးခင်မောင်မြင့်၊ ဦးတင်နိုင်သိန်း၊ ဦးခင်ရီ၊ ဦးအေးမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုးနှင့် ဒေါက်တာမြအေး၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် မတ် ၉ ရက် နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်မှ ရှမ်းပြည်နယ် ဟဲဟိုးလေဆိပ်သို့ ရောက်ရှိသည်။

နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များအား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရှမ်း၊ ပလောင်၊ ပအိုဝ်း၊ တောင်ရိုးနှင့် ဓနုတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်မှတစ်ဆင့် ညောင်ရွှေမြို့နယ် အင်းလေးကန်ရှိ ဖောင်တော်ဦးမြတ်စွာဘုရားသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ဂေါပကအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက "နိုင်ငံတော်သမ္မတကြီး ကျန်းမာပါစေ၊ အောင်မြင်ပါစေ" ဟု ကြွေးကြော်၍ လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ဝှေ့ယမ်း၍ လည်းကောင်း ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ဖောင်တော်ဦးဘုရားကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်းနှင့် ဆွမ်းများကပ်လှူ၍ ဖူးမြော်ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များက ဗုဒ္ဓရုပ်ပွားတော်များအား ရွှေသင်္ကန်းများ ကပ်လှူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဖောင်တော်ဦးမြတ်စွာဘုရားအတွက် အလှူငွေများ လှူဒါန်းကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့◆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖောင်တော်ဦးဘုရားကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ရွှေသင်္ကန်းများ ကပ်လှူစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ညောင်ရွှေမြို့နယ် အင်းလေးကန်ရှိ ဖောင်တော်ဦးမြတ်စွာဘုရား၌ ဒေသခံတိုင်းရင်းသားများက ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြစဉ်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

၁၀-၃-၂၀၁၂

မင်းဘူး၊ အောင်လံ၊ ပြည်၊ သာယာဝတီ
၄၀ ဒီဂရီစင်တီဂရိတ်စီ

မှတ်သားဖွယ်ရာ မိုးရေချိန်

ကျောသောင်းမြို့
သုည ဒသမ ၀၈ လက်မ

ကြေးမုံစာတည်းရှုထောင့် ၁၁-၃-၂၀၁၂(တနင်္ဂနွေနေ့)။

အလှကိုယ်စီဆင်နိုင်သည်ချည်း

အောင်မြင်မှုကို လူတိုင်းခံစားဖူးကြသည်။ အောင်မြင်မှုကြောင့် ဘဝင်လေဟပ်သူများလည်း ရှိနိုင်သည်။ စာမေးပွဲအောင်မြင်မှု၊ အားကစားအောင်မြင်မှု၊ ရာထူးတိုးတက်အောင်မြင်မှု၊ ဘဝရည်မှန်းချက်အောင်မြင်မှု စသည် စသည်တို့ဖြစ်သည်။ အဆိုပါအောင်မြင်မှုတို့ကို လွယ်လွယ်ကူကူ ရရှိကြသည်တော့မဟုတ်။ အောင်မြင်မှုရရှိရေးအတွက် ကြိုးပမ်းအားထုတ်ရမှု၊ ရင်းနှီးပေးဆပ်ရမှုတို့ ရှိစမြဲဖြစ်သည်။ ယင်းအချက်ကို လေးနက်စွာ စဉ်းစားလျှင် စိတ်ဘဝင်ကြွမှုကို အလိုက်အထိုက် ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ အောင်မြင်မှုနှင့်အတူ တာဝန်သိစိတ်ဖြင့် အရာရာကို တာဝန်ယူလုပ်ဆောင်လျှင်မူ ဘဝအဓိပ္ပာယ်ပိုမိုရှိလာမည်သာဖြစ်သည်။

အမှောင်နှင့်အလင်း၊ အဆိုးနှင့်အကောင်း၊ အပူနှင့်အအေး စသည့် နိယာမတရားအရ ဘဝတွင် ဆုံးရှုံးမှုကိုလည်း ထင်းခွေမကြုံ ရေခပ်ကြုံနိုင်သည်များ ရှိသည်။ အရှုံးနှင့်ရင်ဆိုင်ရသည့်အခါ ကြံ့ကြံ့ခံရင်း မလျှော့သောဇွဲလုံ့လဖြင့် ကြိုးစားအားထုတ်ကြရန်လိုသည်။ သင်ခန်းစာယူတတ်လျှင် အရှုံးထဲက အမြတ်ပင်ထွက်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မိမိရည်မှန်းထားသည့် တန်ဖိုးအထားဆုံးအရာအတွက် ဦးစွာအချိန်ပေးလုပ်ဆောင်ကြရမည်ဖြစ်သည်။ အချိန်မရှိ၊ အချိန်မလောက်၊ မအားလပ်၍ ဟူသည့် စိတ်ပျက်ဖွယ်ရာအတွေးများကို ဖယ်ထုတ်ကြရန်သာလိုသည်။

လူတိုင်းလူတိုင်း ပြီးပြည့်စုံကြသည်မဟုတ်ဘဲ ချို့ယွင်းချက်၊ အားနည်းချက်၊ အနာအဆာများ အသီးသီးရှိနိုင်သည်ချည်းပင်။ အဆိုပါအားနည်းချို့ယွင်းချက် အနာအဆာများကို အကျိုးရှိရှိ အသုံးချတတ်ရန်သာလိုသည်။ သုခ၊ ဒုက္ခများ ရောပြွမ်းနေသည့် လူ့ဘဝတွင် အခက်အခဲအကျပ်အတည်းများ အရှိန်တက်လေ ခံနိုင်ရည်အရည်အချင်းများ ပိုရှိလာလေဖြစ်သည်။ မိမိနှင့်ပတ်ဝန်းကျင်အတွက် ကောင်းမွန်သည့်အခြေအနေကို ပိုမိုဖန်တီးပေးနိုင်မည်သာဖြစ်သည်။

လူမှုပတ်ဝန်းကျင်၌ ယင်းသို့ဖြစ်တည်နေမှုများအပေါ် ရှုမြင်ပုံချင်း မတူကြသည်များရှိသည်။ လူတစ်ဦးချင်းစီ၏ မျိုးရိုးအဆင့်အတန်း၊ ဘဝအနေအထားတို့ကိုလိုက်၍ ရှုမြင်သုံးသပ်မှုများ ကွာဟနိုင်သည်။ မိဘတစ်ဦးတည်းက ပေါက်ဖွား၊ တစ်မြို့တည်းမှာနေ၊ တစ်ကျောင်းတည်းတွင်ပညာသင်ကြီးပြင်းကြသူချင်းပင်ဖြစ်လင့်ကစား မိမိ၏ဘဝအနေအထားနှင့် အဓိကမောင်းနှင်အားဖြစ်သည့် အတွေးအခေါ် အသိဉာဏ်အပေါ်လိုက်၍ ရှုမြင်သုံးသပ်ပုံချင်းကွာခြားနိုင်သည်။ မိမိဘဝအတွက် အကောင်းဆုံးတွေးမြင်၍ ဖြစ်နိုင်ခြေအရှိဆုံးအားထုတ်ကာ ထွန်းလင်းတောက်ပနိုင်ရေး ကြိုးပမ်းကြရန်သာလိုအပ်သည်။

တစ်ရံရောအခါက ဦးကြီးတစ်ဦးသည် မနီးမဝေးရှိ မြစ်ဆိပ်မှရေကို နေ့စဉ် ရေပုံးနှစ်ပုံးပါဆိုင်းထမ်းဖြင့် ထမ်း၍ သောက်ရေသုံးရေ ခပ်ယူလေ့ရှိ၏။ ရေပုံးတစ်ပုံးမှာ အောက်ခြေမှ သံချေးစားပေါက်နေသဖြင့် အိမ်သို့ရောက်သည့်အခါ ရေမှာပုံးတစ်ဝက်သာကျန်တော့၏။ ကျန်တစ်ပုံးမှာသာ ရေအပြည့်ပါသောကြောင့် အပေါက်ပါသော ရေပုံးက အားငယ်စွာဆို၏။ "ဦးကြီးက ပင်ပင်ပန်းပန်းရေခပ်ယူပေမယ့် ကျွန်တော့်ပုံးမှာ အပေါက်ပါနေ၍ ရေအပြည့်မပါနိုင်တာကို ခွင့်လွှတ်ပါ" ဟု ပြော၏။ ထိုအခါ ဦးကြီးက "ကွယ်-အားမငယ်ပါနဲ့ ဒို့အိမ်အဝင်လမ်းမှာ ပန်းတွေပွင့်နေတာမြင်သလား၊ အဲဒါပေါက်နေတဲ့ ရေပုံးထဲက ပန်းထွက်လာတဲ့ရေနဲ့ နေ့စဉ်လောင်းရာက ခုလိုအိမ်ရှေ့မှာ ပန်းတွေနဲ့ဝေနေတာပေါ့" ဟူ၍ ပြန်ပြောလိုက်၏။

ဌာနတစ်ခု၊ လုပ်ငန်းတစ်ခု၊ စီမံကိန်းတစ်ခု ဖော်ဆောင်ရာတွင်ဖြစ်စေ၊ နိုင်ငံတစ်ခု ခေတ်မီတိုးတက်အောင် တည်ဆောက်ရာတွင်ဖြစ်စေ ဖြစ်ချင်သည့်ဆန္ဒ၊ ရောက်လိုသည့်ခရီးကို စိတ်တူကိုယ်တူ သွားရောက်ကြရန်သာဖြစ်သည်။ လူတိုင်းက မိမိတို့တွင်ရှိနေသည့် ချို့ယွင်းချက်၊ အားနည်းချက် အနာအဆာဟူသမျှသည် စိတ်ပျက်အားငယ်စရာမဟုတ်ဘဲ အဆိုပါ အားနည်းချက် အနာအဆာများသည်ပင် ကဏ္ဍတစ်ခု၊ ထောင့်တစ်ထောင့်မှနေ၍ လောကကို အလှဆင်နိုင်ကြသူများလည်း ဖြစ်သည်ဟူ၍ ရှုမြင်ခံစား ကြိုးစားအားထုတ်နေကြရမည်ဖြစ်ပါသည်။ ။

ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ ရေနံကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိ ကုန်းပိုင်းလုပ်ကွက်ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုးချုပ်ဆို

နေပြည်တော် မတ် ၁၀

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ EPI (Holdings) Limited နှင့် မြန်မာတိုင်းရင်းသားပိုင် Aye Myint Khine Company Limited တို့သည် ကုန်းပိုင်းလုပ်ကွက် RSF-10 (ကံမ-နတ်တောင်ဒေသ)၏ ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ်ကို မတ် ၉ ရက် ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ရတနာခန်းမ၌ လက်မှတ်ရေးထိုးချုပ်ဆိုကြသည်။

အဆိုပါလက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် အဖွဲ့ဝင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် တွဲဖက်အတွင်းရေးမှူး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ EPI (Holdings) Limited Managing Director Mr. Chang, Yun-Peng၊ Aye Myint Khine Company Limited Executive Director ဦးစိုးအောင်ကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေးက အဖွင့်အမှာစကားကို လည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူးနှင့် EPI (Holdings) Limited Managing Director Mr. Chang, Yun-Peng က နှုတ်ခွန်းဆက်စကားကို လည်းကောင်း ပြောကြားကြသည်။

ယင်းနောက် နှစ်ဖက်သဘောတူစာချုပ်ကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ထူး၊ EPI (Holdings) Limited Managing Director Mr. Chang, Yun-Peng နှင့် Aye Myint Khine Company Limited Executive Director ဦးစိုးအောင်ကျော်တို့ကလည်းကောင်း၊ အသိသက်သေများအဖြစ် စွမ်းအင်စီမံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထင်အောင်၊ EPI (Holdings) Limited General Manager ဦးဇော်ဝင်းအောင်နှင့် Aye Myint Khine Company Limited General Manager ဒေါ်အေးမြင့်ခိုင်တို့ကလည်းကောင်း လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန်လဲလှယ်ကြသည်။

စွမ်းအင်ဝန်ကြီးဌာနသည် ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ရေးလုပ်ငန်းများအား ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်၌ ဆောင်ရွက်လျက်ရှိရာ ငွေကြေးနှင့် နည်းပညာအခြေအနေများ အရလည်းကောင်း၊ နိုင်ငံတော်၏တိုးတက်လာသောစက်မှုကဏ္ဍမှ စွမ်းအင်လိုအပ်ချက်အရလည်းကောင်း လက်ရှိအချိန်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်အား အပြည့်အဝဖြည့်ဆည်းပေးနိုင်ခြင်း မရှိသေးချေ။ စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တိုးတက်လာသော ပြည်တွင်းရေနံနှင့် သဘာဝဓာတ်ငွေ့လိုအပ်ချက်ကို အမြန်ဖြည့်ဆည်းပေးနိုင်ရန်အတွက်ကုန်းပိုင်းနှင့် ကမ်းလွန်လုပ်ကွက်များ၌ နိုင်ငံတကာ အတွေ့အကြုံရှိသည့် ရေနံကုမ္ပဏီများနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့်အခြေခံဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ကုန်းပိုင်းနှင့် ကမ်းလွန်ဒေသမှ ထပ်မံတွေ့ရှိလာသည့် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို ပြည်တွင်းသုံးစွဲရေး ဦးစားပေး ဆောင်ရွက်သွားရန် ရည်ရွယ်ချက်ထားရှိ ဆောင်ရွက်လျက်ရှိသည်။

စွမ်းအင်ဝန်ကြီးဌာနသည် လွန်ခဲ့သော ရှစ်လခန့်ကစတင်ကာ ကုန်းပိုင်းလုပ်ကွက် ၁၈ ကွက်အတွက် အပြည်ပြည်ဆိုင်ရာ တင်ဒါခေါ်ယူခဲ့ပြီး မြန်မာတိုင်းရင်းသားပိုင် ကုမ္ပဏီများကိုလည်း ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းနှင့် နည်းပညာလွှဲပြောင်းရယူနိုင်ရန်ရည်ရွယ်၍ လုပ်ကွက်ကိုးကွက်တွင် နိုင်ငံတကာရေနံကုမ္ပဏီနှင့် မြန်မာတိုင်းရင်းသားပိုင်ကုမ္ပဏီ ခုနစ်ခုတို့အား ပူးပေါင်းလုပ်ကိုင်ခွင့်ပေးရန် စိစစ်ရွေးချယ်ခဲ့ရာ ယခုလက်မှတ်ရေးထိုးသည့် ကုန်းပိုင်းလုပ်ကွက် RSF-10 (ကံမ-နတ်တောင်ဒေသ)အတွက် ပထမဆုံး စာချုပ်လက်မှတ်ရေးထိုးချုပ်ဆိုခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းငွေး စွမ်းအင်ဝန်ကြီးဌာန၏ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုမိန့်ကို EPI (Holdings) Limited Managing Director Mr. Chang, Yun-Peng **ထံ ပေးအပ်စဉ်။** (သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၀ - ၃ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၅၅၀၀	၀. ၀၃၂၇၃
တရုတ် (ယွမ်)	၆. ၃၁၀၄၀	၀. ၁၅၈၄၇
အိန္ဒိယ (ရူပီး)	၄၉. ၈၄၆၃	၀. ၀၂၀၀၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၅၄၄၀	၀. ၇၉၇၁၉
ဂျပန် (ယန်း)	၈၂. ၄၈၀၀	၀. ၀၁၂၁၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၇. ၀၅	၀. ၀၀၀၉၀
ယူရို	၀. ၇၆၂၀၀	၁. ၃၁၂၃၄
ဗြိတိသျှ (ပေါင်)	၀. ၆၃၈၁၄	၁. ၅၆၇၀၅

အင်တာနက်။

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၁၁

ယနေ့ နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** မင်းဘူးမြို့၊ အောင်လံမြို့၊ ပြည်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်မှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၀၈ လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၀

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ကို မတ် ၉ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေနှင့် လွှတ်တော်ကိုယ်စားလှယ် ၃၀ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မေးခွန်းများမေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း(၂)ခုကို ဆွေးနွေးအကြံပြုခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ အဆို(၂)ခုတင်သွင်းခြင်းနှင့် ဆွေးနွေးခြင်း၊ လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်းတို့ကိုဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ရပ်နားလိုက်သည်။ (သတင်းစဉ်)

ပထမအကြိမ် မွန်ပြည်နယ်လွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

အသွင်သဏ္ဌာန်ရော၊ အနှစ်သာရပါ အစဉ်အမြဲ ရှင်သန်မြင့်မားနေသည့် မီဒီယာဖြစ်အောင်ဆောင်ရွက် အရည်အသွေးများ မြင့်မားနေစေရေးအတွက် တာဝန်ယူရသည့်လုပ်ငန်း၌ ကျွမ်းကျင်မှုရှိရန်လို

နေပြည်တော် မတ် ၁၀

မြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Auditorium ခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၏ ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ကျွမ်းကျင်သူပညာရှင်များ၊ တေးဂီတစိစစ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးမှ အမှုဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာ၌ ပြီးခဲ့သည့် တစ်နှစ်တာကာလအတွင်း အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး ၂၀၁၂-၁၃ ခုနှစ်တွင် အားသာချက်များ ပိုမိုအားကောင်းလာရန်၊ အားနည်းချက်များ ပိုမိုလျော့နည်းသွားရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းရော၊ ဌာနခွဲအလိုက်ပါ ပြန်လည်သုံးသပ်သွားပါမှ လုပ်ငန်းတိုးတက်အောင်မြင်သည့် ဦးစီးဌာန ဖြစ်လာမည်ဖြစ်ကြောင်း။

နှစ်ပတ်လည်အခမ်းအနားတိုင်းတွင် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအား ဆုများချီးမြှင့်ရာ ဆုမရရှိသေးသူများကလည်း ကောင်းသောယှဉ်ပြိုင်မှုများဖြင့် ထူးချွန်ဆုများရရှိအောင် ကြိုးပမ်းသွားကြရန် လိုကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကို တိုးပွားစေပြီး ဝန်ထမ်းများ၏ အရည်အသွေးကိုလည်း မြင့်မားတိုးတက်လာစေမည်ဖြစ်ကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ၂၀၁၁-၂၀၁၂ တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (၁၂) ရပ်ကို သတ်မှတ်ပေးခဲ့ကြောင်း၊ ယင်းလုပ်ငန်းများအနက် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်ထိန်းသိမ်းရေးအတွက် မီဒီယာနည်းဖြင့် ဆောင်ရွက်ရန်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မီဒီယာနည်းဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ရန်ဟူသည့် လုပ်ငန်းတာဝန်နှစ်ရပ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပြီး အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်ခဲ့သည်ကိုလည်း တွေ့ရကြောင်း၊ တာဝန်ပေးထားသည့် လုပ်ငန်းတာဝန် (၁၂)ရပ် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုအတွက် မိမိအနေဖြင့် အသိအမှတ်ပြုပါကြောင်း။

မီဒီယာလုပ်ငန်းသည် သိမ်မွေ့လေးနက်ပြီး အရေးကြီးသည့်လုပ်ငန်းဖြစ်ကြောင်း၊ မူဝါဒပိုင်းဆိုင်ရာတွင် အတိမ်းအစောင်းမခံသည့် မီဒီယာလုပ်ငန်းကို ညွှန်ကြားရေးမှူးချုပ်မှ အောက်ခြေအထိ အဆင့်ဆင့်သော ဝန်ထမ်းအားလုံးက ချို့ယွင်းချက်အနည်းဆုံးဖြင့် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်သူအားလုံးလိုလားသော တည်ငြိမ်အေးချမ်းသည့်နိုင်ငံဖြစ်အောင်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံဖြစ်အောင်၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားသည့် နိုင်ငံဖြစ်အောင် နိုင်ငံတော်အစိုးရအနေဖြင့် ကြိုးပမ်းတည်ဆောက်လျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် အသိစိတ်ဓာတ်ရှိရှိပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်လိုကြောင်း။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် ၂၀၁၂-၂၀၁၃ ခုနှစ်တွင် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန် (၁၂) ရပ်ကို ချမှတ်ပေးထားပြီး ဖြစ်ကြောင်း၊ ဝန်ထမ်းအားလုံးက ချမှတ်ပေးထားသည့် လုပ်ငန်းတာဝန် (၁၂)ရပ်ကို သိအောင်လုပ်ပြီး လုပ်ငန်းတိုင်းအောင်မြင်အောင် လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အသွင်သဏ္ဌာန်ရော အနှစ်သာရပါ အစဉ်အမြဲ ရှင်သန်မြင့်မားနေသည့် မီဒီယာဖြစ်အောင်၊ အရည်အသွေးရှိသည့် မီဒီယာသမားများဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အရည်အသွေးများ မြင့်မားနေစေရေးအတွက် တာဝန်ယူရသည့် လုပ်ငန်း၌ ကျွမ်းကျင်မှုရှိရန်လိုကြောင်း၊ ကမ္ဘာကြီးသည် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိရာ အရည်အချင်း၊ အရည်အသွေးများ မြင့်မားတိုးတက်နေအောင် အစဉ်အမြဲဖြည့်ဆည်း အားထုတ်နေရမည်ဖြစ်ကြောင်း၊ လိုအပ်သည်များကိုလည်း မိမိတို့အနေဖြင့် အမြဲအားပေးပံ့ပိုးနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဝန်ထမ်းများအတွက် မဟာသင်္ကြန်ကာလတွင် အသုံးပြုနိုင်ရန် ပံ့ပိုးချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်အား ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချီးမြှင့်သည့် ပြည်သူ့ဝန်ထမ်းကောင်းတံဆိပ်ရရှိကြသော ဦးစီးအရာရှိ (ထုတ်လုပ်) ဦးလှကြိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး (တိုင်းရင်းသား) ဒေါ်ဂျေလုပန်၊ ဦးစီးအရာရှိ(တိုင်းရင်းသား) ဒေါ်မိယဉ်နွဲ့၊ ဦးစီးအရာရှိ (အစီအစဉ်) ဒေါ်ရီရီလွင်၊ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုများရရှိကြသော အနုပညာရှင်(၂)များ ဖြစ်ကြသည့် ဦးအောင်မင်းဦး၊ ဦးအောင်ခြိမ့်နှင့် ဒေါ်ခင်မြသက်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနက ဖွင့်လှစ်သော Database Management Course တွင် ဒုတိယဆုရရှိသည့် ရုပ်သံကျွမ်းကျင်(၁) ဒေါ်ဇာဇာတို့အား ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက လုပ်ငန်းတာဝန်ကျေပွန်ဆုရရှိကြသူ ၆၅ ဦး ကိုယ်စား ဦးစီးအရာရှိ ဦးတင်ယုနှင့် အထွေထွေထူးချွန်ဆု ရရှိကြသူ ကိုးဦး ကိုယ်စား ရုပ်သံကျွမ်းကျင်(၂)ဦးမျိုးသန့်ထွေး တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က နာဂစ်မုန်တိုင်းကာလတွင် စွမ်းစွမ်းတမံ စွမ်းဆောင်မှုဆု ရရှိကြသူ ၂၈ ဦး ကိုယ်စား အင်ဂျင်နီယာချုပ် ဦးမျိုးဝင်းအား ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ဌာနခွဲများအလိုက် ဝန်ထမ်းများအတွက် ဝတ်စုံစရိတ်နှင့် ပညာသင်စရိတ်များကို လည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွဋ်က အားကစားထူးချွန်ဆုများကို လည်းကောင်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်မျိုးမြင့်က ခွင့်မယူသူ ဆုများကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဌာနခွဲအသီးသီးမှ ဝန်ထမ်းများက မြန်မာ့အသံခေတ်ပေါ်တေးဂီတ အဖွဲ့နှင့် တွဲဖက်၍ တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ (၆၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝန်ထမ်းများအတွက် မဟာသင်္ကြန်ကာလတွင် အသုံးပြုနိုင်ရန် ပံ့ပိုးချီးမြှင့်ငွေများကို ဝန်ထမ်းများကိုယ်စား ညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်အား ပေးအပ်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း လုပ်ငန်းတာဝန်ကျေပွန်ဆုရရှိကြသူ ၆၅ ဦး ကိုယ်စား ဦးစီးအရာရှိ ဦးတင်ယုအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပေး စာ ပြန် စာ

အေးဆေး

ဇင်ချိုသက် (ဒိုက်ဦး)

ဒဂုံမြို့သစ် (တောင်ပိုင်း)မှ ရှစ်မိုင်သို့ နေ့စဉ်ရုံးတက်ရသော ကျွန်မအတွက် ရုံးဖယ်ရီရှိသည်မို့ အဆင်ပြေသော်လည်း ဒီနေ့တော့ ဒဂုံမြို့သစ် (မြောက်ပိုင်း) ၃၄ ရပ်ကွက်ရှိ အစ်ကိုကြီးအိမ်က ရုံးတက်ရတာမို့ ဘတ်စ်ကားကိုသာ အားကိုးရတော့မည်။ ကျွန်မဆွဲခြင်းကိုင်ပြီး အိမ်မှလှမ်းအထွက် ခြံဝင်းထဲရှိ ပိတောက်ပင်ခြေရင်းက ခုံရှည်မှာ ပင်စည်ကို ကျကျနနမှီထိုင်ရင်း ဂစ်တာတီးနေသော တူတော်မောင်၏ ခေတ်စတိုင်ဆံပင်ထိုးထိုးထောင်ထောင်လေးကို ခပ်ဖွဖွလေးလိမ်လိုက်ရင်း. . .၊

"စာမေးပွဲနီးနေပြီ. . စာကျက်နော်. . . သား" ဆိုတော့. . .၊

"အေးဆေး. . . တီလေး". . . . တဲ့။

ဘိုဘိုမင်းလက်ဖက်ရည်ဆိုင်အကျော် နာရီစင်ရောက်တော့ ပါရမီ ဘတ်စ်ကားတစ်စီးဝင်လာသည်။ ရုံးချိန်ဖြစ်လို့ လူနည်းနည်းကျပ်သော်လည်း. .၊ သွက်လက်ချက်ချာသော စပယ်ယာလူငယ်လေးက. .၊

"လာ. . အန်တီ. . အေးဆေး. ."

ဟုပြောပြီး သူနေရာချပေးသော ကားဘော်ဒီအလယ်ဘက်မှာရပ်ရင်း အဆင်သင့်ကိုင်ထားသော နှစ်ရာတန် တစ်ရွက်လှမ်းပေး၊ ကျန်လက်တစ်ဖက်ကလည်း ကားနံရံရှိတန်းကို မြဲမြဲဆုပ်ကိုင်ရင်းမှ ကျွန်မ၏ဘယ်ဘက်ခြမ်းမှာ တံခါးမကြီး တစ်ပေါက်ရှိမှန်းသတိထားလိုက်မိသည်။ ခဏနေတော့ စပယ်ယာလေးက. . .၊

"အန်တီ. . ဒီမှာ. . ရော့. . အေးဆေး"

လို့ပြောပြီး ပိုင်ငွေတစ်ရာလာအမ်းလို့ ကြည့်လိုက်တော့ သူလည်းကျွန်မ တူတော်မောင်တက္ကသိုလ်ကျောင်းသားလို ဆံပင်ထောင်ထောင်လေးပုံသွင်းထားမှန်း သတိထားလိုက်မိသည့်အခိုက်မှာ ထိုလူငယ်လေးက ကျွန်မဘေးမှ တံခါးရွက် တစ်ချပ်ကိုဖွင့်လိုက်သဖြင့် လေပြင်းတစ်ချက် အရှိန်ပြင်းပြင်းဝင်လာတာကြောင့် ကျွန်မ အံ့အားသင့်သွားစဉ်မှာ သူက ညာလက်ဖြင့်တံခါးရွက်ကို ကိုင်ပြီး ကျွန်မခြေရင်းမှာ ငုတ်တုတ်လေးထိုင်ချလိုက်ပြန်သည်။ ပြီး ကားကိုယ်ထည်အောက်ပိုင်းသို့ ခေါင်းငုံ့၍ ကိုယ်ကိုကိုင်းကာ Gas ပေါက်ဖွင့်ပြီး ခပ်သွက်သွက်ထရပ်၊ တံခါးရွက်ကိုပြန်ပိတ်လိုက်သည်။

"သားရယ်. . . အန္တရာယ်ကြီးလိုက်တာကွာ" လို့ပြောတော့. .၊

"ဒါလေးများအန်တီ. . . အေးဆေး" တဲ့၊

တိုက်ဆိုင်စွာပင်ထိုနေ့ကရုံးရောက်တော့ ကြေးမုံစာတည်းရှုထောင့်၏ **ပြည်သူ့အသက်သင့်လက်ထဲတွင်ရှိသည်** ဟူသော အကြံပြုဆောင်းပါးကို ဖတ်လိုက်ရသဖြင့်. . .၊

ကျွန်မလည်း စပယ်ယာလက်မှတ်ရောင်း ယာဉ်နောက်လိုက်များလည်း မိမိတို့၏ အသက်စည်းစိမ်မဆုံးရှုံးရအောင် အမှန်တကယ်အေးဆေးစွာ လှုပ်ရှားသွားလာနေထိုင်နိုင်ရန်၊ အစဉ်သတိထားရှိရန် အထူးလိုအပ်ပါကြောင်းအကြံပြု လိုက်ပါသည်။ ။

နှစ်ပတ်လည် အထွေထွေအစည်းအဝေး ကျင်းပမည်

ရန်ကုန် မတ် ၁၀

မြန်မာသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကော်ပိုရေးရှင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ဒသမအကြိမ် နှစ်ပတ်လည် အထွေထွေအစည်းအဝေးကို မတ် ၂၄ (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICTDC (Myanmar Info-Tech) အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပညာဘဏ်တိုက် စာကြည့်တိုက်

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီက
၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၀

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင် ဦးစိုင်းဘိုးအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို မတ် ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူများခင်ဗျား-

ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီမှ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ယုံကြည်ချက်၊ ရည်ရွယ်ချက်၊မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကို ပါတီ ဗဟိုအလုပ်အမှုဆောင် တစ်ဦးဖြစ်တဲ့ ကျွန်တော် ဦးစိုင်းဘိုးအောင်မှ တင်ပြသွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား-

ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီကို ၂၆-၅-၂၀၁၀ ရက်နေ့တွင် စတင်ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ၂၀၁၀ခုနှစ် ပါတီစုံရွေးကောက်ပွဲမှာ ကိုယ်စားလှယ်လောင်း(၁၅၇)ဦး ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရာမှာ(၅၇)ဦး ရွေးချယ်တင်မြှောက်ခံရပါတယ်။ ထိုရွေးချယ်ခံ ကိုယ်စားလှယ်များအနက် ပြည်ထောင်စုလွှတ်တော်မှာ (၂၁)ဦး၊ တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော်များမှာ (၃၅)ဦးတို့ဟာ နိုင်ငံတော် တိုးတက်ဖွံ့ဖြိုးရေးအတွက် ပါဝင်ဆောင်ရွက်နေကြပြီ ဖြစ်ပါတယ်။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်နဲ့ ရှမ်းပြည်နယ်လွှတ်တော်မှာ ရွေးချယ်ခံ လွှတ်တော်ကိုယ်စားလှယ်အမတ် ဒုတိယအများဆုံး ရရှိထားတဲ့ပါတီလည်း ဖြစ်ပါတယ်။

ယခုလာမယ့် ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲမှာ ရှမ်းပြည်နယ်အတွင်း ကလောမြို့နယ် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၊ ရှမ်းပြည်နယ်အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၃)၊ ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော် မဲဆန္ဒနယ် အမှတ်(၇)တို့မှာ ပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင် အရွေးခံကြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-

ဦးစွာ ပါတီရဲ့အမည် အနက်အဓိပ္ပာယ်ကို ရှင်းလင်းတင်ပြလိုပါတယ်။ ပါတီ အမည်ပါ ရှမ်းတိုင်းရင်းသားများဆိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံအနှံ့အပြားတွင် နေထိုင်ကြသော ရှမ်းတိုင်းရင်းသားမျိုးနွယ်စုများအားလုံးနှင့် ရှမ်းပြည်နယ်အတွင်း အေးအတူပူအမျှ အတူတကွ နေထိုင်ကြသည့် ညီနောင်တိုင်းရင်းသားမျိုးနွယ်စုများ အားလုံးကို ကိုယ်စားပြုပါတယ်။

ပါတီရဲ့အမှတ်တံဆိပ်က မိမိရည်မှန်းရာ ရှေ့သို့မဖိတ်မသုန် ယုံကြည်ချက် အပြည့်နဲ့ သွားနေတဲ့ ကျားဖြူပုံဖြစ်ပါတယ်။ ကျားဖြူဟာ ရှမ်းတိုင်းရင်းသားများအား ကာကွယ်စောင့်ရှောက်ပေးသည်ဆိုတဲ့ မိရိုးဖလာယုံကြည်မှုကို အခြေပြုသင်္ကေတ ရယူထားခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီရဲ့ အလံမှာ အေးမြခြင်း၊ ငြိမ်းချမ်းခြင်းကို ရည်ညွှန်းတဲ့အစိမ်းရောင်၊ ရဲရင့်ခြင်း၊ ပြတ်သားခြင်း၊နိုးကြားတက်ကြွခြင်းကို ရည်ညွှန်းတဲ့အနီရောင်၊ တည်ငြိမ်အေးချမ်း ရိုးသားခြင်းကို ဖော်ဆောင်တဲ့ အဖြူရောင်လပြည့်ဝန်းတို့ ပါဝင်ပါတယ်။ အလံအရောင် ရည်ညွှန်းပါအတိုင်း ဒီမိုကရေစီအနှစ်သာရပြည့်ဝတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး တည်ဆောက်ရာမှာ တည်ငြိမ်အေးချမ်း ရိုးသားမှုအပြည့်အဝနှင့် ရဲဝံ့ပြတ်သား တက်ကြွစွာဖြင့် ကျွန်တော်တို့ ပါတီက ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများခင်ဗျား-

ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီခေါ် ကျားဖြူပါတီရဲ့ယုံကြည်ချက်ကတော့ လူလူချင်း ဖိနှိပ်ချုပ်ချယ်မှုကင်း၍ တိုင်းရင်းသားလူမျိုးများအကြား ရင်းနှီးချစ်ကြည်ခြင်း၊ လူ့အခြေခံအခွင့်အရေးများ တန်းတူညီမျှမှုရှိခြင်း၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းများနှင့် ပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်နိုင်မှသာလျှင် စည်းလုံးညီညွတ်၍ တည်ငြိမ် အေးချမ်းကာ တည်တံ့ခိုင်မာသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်လို့ အလေးအနက်ယုံကြည်ပါတယ်။

ပါတီရဲ့ ရည်ရွယ်ချက်များမှာ

(က) ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးကို ငြိမ်းချမ်းသောလမ်းစဉ်ဖြင့် တည်ဆောက်မည်။
(ခ) ပြည်ထောင်စုတည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည် ရင်းနှီးမှုနှင့် သွေးစည်းညီညွတ်မှုရရှိရေး ဆောင်ရွက်မည်။
(ဂ) ပြည်ထောင်စုအတွင်း နေထိုင်ကြသော တိုင်းရင်းသားများအားလုံး လူ့မှု အခြေခံအခွင့်အရေးများ အပြည့်အဝရရှိရေး ဆောင်ရွက်မည်။
(ဃ) တိုင်းရင်းသားလူမျိုးစုအသီးသီး၏ စာပေ၊ ယဉ်ကျေးမှုနှင့် ရိုးရာဓလေ့များ မပျောက်ပျက်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်စေရန် ဥပဒေပြဋ္ဌာန်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။
(င) စိတ်ကူးယဉ်မျှော်မှန်းချက်ထက် လက်တွေ့အကျိုးဖြစ်ထွန်းရေးကို ဦးစားပေးဖော်ဆောင်မည်။
(စ) နိုင်ငံရေးနှင့်အခြားကဏ္ဍအသီးသီးတွင် ထိပ်တိုက်ရင်ဆိုင်ရေး၊ ဆန့်ကျင်ရေးကို ဦးစားမပေးဘဲ ပိုမိုထိရောက်သော အကျိုးဖြစ်ထွန်းမှုအတွက်ရရှိ သည့်လုပ်ပိုင်ခွင့် အားလုံးကို ရယူအကောင်အထည်ဖော်သွားမည်။
(ဆ) အချိန်ကာလတစ်ခုအတွင်း ရရှိလာသည့်အတွေ့အကြုံရင့်ကျက်မှုများဖြင့် ဒီမိုကရေစီလုပ်ငန်းစဉ်များ၌ ပါတီ၏ရည်ရွယ်ချက်၊ ဦးတည်ချက်နှင့် မူဝါဒများကို ခေတ်ကာလနှင့်အညီ ပြောင်းလဲပြင်ဆင်သတ်မှတ်သွားမည်တို့ ဖြစ်ပါတယ်။

ပါတီရဲ့ မူဝါဒသဘောထားကို ဆက်လက်တင်ပြပါမယ်-

၁။ **ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်နှင့်ပတ်သက်၍ ကျွန်တော်တို့ပါတီ သဘောထားကတော့**

(က) ဤပါတီဟာ စစ်မှန်သော ပါတီစုံဒီမိုကရေစီ နိုင်ငံရေးစနစ်ဖြင့်သာလျှင် သာယာဝပြောစည်ပင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကို ထူထောင်နိုင်မယ်လို့ ယုံကြည်ပါတယ်။
(ခ) တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်၍ ပြည်သူတို့ရဲ့ အကျိုးစီးပွားကို ဖော်ဆောင်ရန်အတွက် လူထု တစ်ရပ်လုံး၏ ဆန္ဒနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော အစိုးရတွင် တာဝန်ရှိပါတယ်။
(ဂ) နိုင်ငံသားတိုင်းဟာ အခြေခံဒီမိုကရေစီကျင့်စဉ်များဖြစ်သော သူတစ်ပါးအား ထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်စေဘဲ လွတ်လပ်စွာ ပြုမူလုပ်ကိုင်ခြင်း၊ ဖွင့်ဟထုတ်ဖော် ပြောဆိုရေးသားခြင်း၊ ကြံစည်တွေးတောခြင်း၊ သက်ဝင် ယုံကြည်ခြင်း စသည်တို့ကို လေးစားစွာ လိုက်နာကျင့်သုံးခြင်းဖြင့် ငြိမ်းချမ်းရေး၊ လွတ်လပ်ရေး၊ တိုင်းရင်းသား သွေးစည်း ညီညွတ်ရေးတို့ကို အစဉ် ထိန်းသိမ်းသွားနိုင်မည့် ဒီမိုကရေစီရဲ့ အခြေခံ အုတ်မြစ်ကို တည်ဆောက် နိုင်မှာဖြစ်ပါတယ်။
(ဃ) ပါတီစုံဒီမိုကရေစီစနစ်မှာ တိုင်းရင်းသားပြည်သူတို့ဟာ မိမိနှစ်သက် ယုံကြည်သော တရားဝင်ပါတီအဖွဲ့အစည်းသို့ ပါဝင်ခြင်း၊ ထောက်ခံအားပေးခြင်း၊ အထောက်အကူပြုခြင်းစသည့် နိုင်ငံသားတိုင်းရရှိအပ်သည့် နိုင်ငံရေးအခြေခံ အခွင့်အရေးများ တန်းတူတင်းပြည့်ကျပ်ပြည့် ရရှိမှသာလျှင် အချင်းချင်းသံသယကင်းရှင်း၍ ခိုင်မြဲသော တိုင်းရင်းသားသွေးစည်းညီညွတ်မှုကို ဖော်ဆောင်နိုင်ပါမယ်။ ထိုမှ အချုပ်အခြာ အာဏာတည်တံ့ ခိုင်မြဲသော ပြည်ထောင်စုကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။
(င) တိုင်းရင်းသားပြည်သူတို့၏ အသိစိတ်ဓာတ်နှင့် လူမှုအဖွဲ့အစည်း လိုအပ်ချက်အရ အခြေပြုဖြစ်ပေါ်လာသော လူမှုအဖွဲ့အစည်းများဖြစ်ကြသည့်-
- တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးအသင်းများ
- ဘာသာရေးအသင်းများ
- စေတနာ့ဝန်ထမ်းအသင်းများ
- လူမှုရေးကူညီစောင့်ရှောက်ရေးအသင်းများ
- လူငယ့်ရေးရာအဖွဲ့အစည်းများ
- အမျိုးသမီးရေးရာအဖွဲ့အစည်းများ

တို့ဟာ ဒီမိုကရေစီစနစ်အတွင်း မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများဖြစ်ကြပြီး ၎င်းတို့ကို လေးစားတန်ဖိုးထားခြင်းအားဖြင့် ပြည်သူမှ ပြည်သူသို့ အကျိုးပြု ဆောင်ရွက် လိုစိတ်ဆန္ဒများ တိုးပွားလာကာ စည်းလုံးခိုင်မာသော ဒီမိုကရေစီအနှစ်သာရ ပြည့်ဝသည့် ပြည်ထောင်စုဖြစ်လာမယ်လို့ ယုံကြည်ပါတယ်။

၂။ **တိုင်းရင်းသားသွေးစည်းညီညွတ်မှုရရှိရေးဟာ ပြည်ထောင်စုအတွက် မရှိမဖြစ် လိုအပ်တဲ့ အရေးကြီးဆုံး လိုအပ်ချက်လို့ ရှုမြင်ပါတယ်။**

(က) ပြည်ထောင်စုမြန်မာနိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်လျက်ရှိသော နိုင်ငံတော်ဖြစ်သည်နှင့်အညီ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် စစ်မှန်သော တိုင်းရင်းသားသွေးစည်းညီညွတ်မှု ရရှိရေးဟာ အဓိကအရေးကြီးသော အခန်းကဏ္ဍ တစ်ခုဖြစ်ပါတယ်။
(ခ) တန်းတူညီမျှရေး သဘောထားသည် တိုင်းရင်းသားလူမျိုးများအတွင်း မရှိမဖြစ်လိုအပ်သော အခြေခံသဘောတရား တစ်ရပ်ဖြစ်ပါတယ်။
(ဂ) လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ အပြန်အလှန် လေးစားခြင်းနှင့်အညီ လက်တွေ့ဘဝမှာ ဒီမိုကရေစီရပိုင်ခွင့်များ ရရှိကြသော တိုင်းရင်းသား လူမျိုးများရဲ့ ညီညွတ်မှုအင်အားဖြင့်သာလျှင် ပြည်ထောင်စု ဖွံ့ဖြိုးတိုးတက်ရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးတို့ကို အစွမ်းကုန် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်နိုင်မှာ ဖြစ်ပါတယ်။

၃။ **နိုင်ငံခြားရေးနှင့် နိုင်ငံတကာဆက်ဆံရေးမှာ**

(က) လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးတာကို လိုလားပါတယ်။
(ခ) နိုင်ငံတကာဆက်ဆံရေးမှာ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို အခြေခံလျက် အခြားကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာဆက်ဆံသွားမယ့် မူဝါဒကိုပဲကိုင်စွဲသွားမှာ ဖြစ်ပါတယ်။
(ဂ) ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးငါးရပ်ကို အခြေခံ၍
- နိုင်ငံတစ်နိုင်ငံ၏နယ်မြေနှင့် အချုပ်အခြာအာဏာကို အခြားနိုင်ငံမှ လေးစားရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံကျူးကျော်တိုက်ခိုက်မှုမပြုရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပြည်တွင်းရေးရာကိစ္စများ ဝင်ရောက်စွက်ဖက်ခြင်း မပြုရန်။
- တစ်နိုင်ငံနှင့်တစ်နိုင်ငံ အဆင့်အတန်းချင်းညီမျှမှုနှင့် အကျိုးဖြစ်ထွန်းမှုရှိစေရန်။
- နိုင်ငံရေးအယူဝါဒ ကွဲလွဲစေကာမူ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ငြိမ်းချမ်းစွာအတူ ပေါင်းသင်းဆက်ဆံရန်ဆိုတဲ့ နိုင်ငံခြားရေးမူဝါဒကို ကိုင်စွဲဆောင်ရွက်သွားပါမယ်။

(ဃ) ကမ္ဘာ့နိုင်ငံအချင်းချင်း တစ်ဦးနှင့်တစ်ဦး ကြောက်ရွံ့ရခြင်းမှ ကင်းဝေး၍ အချင်းချင်း ယုံကြည်လေးစား စေတနာထားဆက်ဆံလျက် အောက်ပါမူများကို အခြေခံ၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ပြီး ချစ်ကြည်ရင်းနှီးမှုကို တိုးတက်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။
(ဃက) လူ့အခွင့်အရေးနှင့် ကုလသမဂ္ဂပဋိညာဉ်စာချုပ်၏ ရည်ရွယ်ချက်များကို လေးစားလိုက်နာရန်။
(ဃခ) အားလုံးသောနိုင်ငံတို့၏ အချုပ်အခြာအာဏာနှင့် နယ်မြေတို့ကိုလေးစားရန်။
(ဃဂ) ကြီးငယ်မဟူ အားလုံးသောလူမျိုးများနှင့် နိုင်ငံတို့၏ အဆင့်အတန်း တူညီမှုကို အသိအမှတ်ပြုရန်။
(ဃဃ) အခြားတိုင်းပြည်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းနှင့် နှောင့်ယှက်ခြင်းများကို ရှောင်ကြဉ်ရန်။
(ဃင) ကုလသမဂ္ဂပဋိညာဉ်စာချုပ်အရ နိုင်ငံအသီးသီး၏ ကာကွယ်ပိုင်ခွင့်ကို လေးစားလိုက်နာရန်။
(ဃစ) နိုင်ငံတစ်ခု၏ အကျိုးအတွက် စုပေါင်းကာကွယ်ရေးအစီအစဉ်များတွင် ပါဝင်ခြင်း၊ နိုင်ငံတစ်နိုင်ငံအား အနိုင်ကျင့်ခြင်းမှ ရှောင်ကြဉ်ရန်။
(ဃဆ) မည်သည့်နိုင်ငံ၏ နိုင်ငံရေးနှင့် ပိုင်နက်နယ်မြေကိုမဆို ခြိမ်းခြောက်ခြင်း လက်နက်အားကိုးဖြင့်အနိုင်ကျင့်ခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းအား ရှောင်ကြဉ်ရန်။
(ဃဇ) အားလုံးသော နိုင်ငံတို့၏ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ငြိမ်းချမ်းသော နည်းလမ်းများဖြင့်သာ ရွေးချယ်ဖြေရှင်းရန်။

(ဃဈ) အကျိုးတူ ကိစ္စရပ်များနှင့် စုပေါင်းညီညွတ်မှုတရေးကို မြှင့်တင်အားပေးရန်။
(ဃည) အပြည်ပြည် ဆိုင်ရာ တာဝန်ဝတ္တရားများနှင့် တရား မျှတမှုများကို လေးစားရန်။

၄။ **စီးပွားရေးနှင့်ပတ်သက်၍**

(က) နိုင်ငံသားတိုင်း၊ တိုင်းရင်းသား လူမျိုးတိုင်း စားဝတ်နေရေးဖူလုံ၍ အဆင့်အတန်း မြင့်မားပြီး ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ရန် လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးခြင်းကို လက်ခံကျင့်သုံးသွားပါမယ်။
(ခ) လွတ်လပ်သော စီးပွားရေးစနစ်ဟာကမ္ဘာ့ကုန်သွယ်ရေးစနစ်နှင့် လိုက်လျောညီထွေ ဖြစ်စေရပါမယ်။
(ဂ) ကမ္ဘာ့မိတ်ဖက်နိုင်ငံများနှင့် အုပ်စုဖွဲ့၍ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို မိမိနိုင်ငံသားများ အကျိုးငှာ ပူးပေါင်းပါဝင်ကျင့်သုံးသွားမှာ ဖြစ်ပါတယ်။

၅။ **လယ်ယာစိုက်ပျိုးရေးဟာ မျက်မှောက်ကာလ နိုင်ငံသားအများစုရဲ့ အသက်မွေးမှု လုပ်ငန်းဖြစ်နေတဲ့အတွက်**

တောင်သူလယ်သမားများ၏ လူနေမှုဘဝ တိုးတက်မြင့်မားရေးကို အမြဲရှေးရှု ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်ပြိုင်နက်တည်းမှာ အလုပ်သမားများရဲ့ လူမှုဘဝတိုးတက်မြင့်မားရေး၊ တာဝန်နှင့် အခွင့်အရေး၊ အလုပ်ချိန်နှင့် လုပ်ခလစာ၊ ခွင့်ရက် ခံစားခွင့်များနှင့် လုပ်ငန်းခွင်အတွင်း ထိခိုက်နစ်နာမှုအတွက် လျော်ကြေးစသည်များကို ဥပဒေနှင့်အညီ မျှတစွာခံစားနိုင်ခွင့် ရှိစေရပါမယ်။ အငြိမ်းစားဝန်ထမ်းဘဝတွင် ကြောင့်ကြမှုကင်း၍ စိတ်အေးချမ်းမှုရရှိအောင် စီစဉ် ဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်။ (ဒီအရေးကိစ္စနှင့်ပတ်သက်လို့ ကျွန်တော်တို့ပါတီရဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆောင်ရွက်ချက်ကို ပြည်သူများ မှတ်မိနေဦးမယ်လို့ ယုံကြည်ပါတယ်။)

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရာတွင် အလုပ်သမားထု၏ အခန်းကဏ္ဍဟာ အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်တာကြောင့် အလုပ်သမား ဝန်ထမ်းများနှင့် ပတ်သက်၍ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးပြီး အကျင့်ပျက်ခြစားမှုများကို တိုက်ဖျက်ချေမှုန်းသွားပါမယ်။

၆။ **ကျန်းမာရေးကဏ္ဍမှာ**

နိုင်ငံတကာအဆင့်မီ အမျိုးသားကျန်းမာရေးစောင့်ရှောက်မှုအစီအမံများ အောင်မြင် ဖြစ်ထွန်းအောင် ဆောင်ရွက်ပါမယ်။

ကျန်းမာရေးစောင့်ရှောက်မှု ကဏ္ဍအလိုက် မြို့ပြနှင့် ကျေးလက်အလှမ်းကွာဟမှုကို ကျဉ်းမြောင်းစေရန် ကျေးလက်ကျန်းမာရေးကို ပိုမိုမြှင့်တင်ပေးရပါမယ်။

၇။ **ပညာရေးကဏ္ဍမှာ**

(က) အခြေခံမူလတန်းပညာရေးကို မသင်မနေရ အခမဲ့ပညာရေးစနစ်အဖြစ် ဖော်ဆောင်နိုင်ရန် ကြိုးပမ်းပါမယ်။
(ခ) တိုင်းရင်းသားတိုင်းသည် မိမိတို့၏စာပေကို ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက် မိမိ ဘာသာစကား စာပေများကို စာသင်ကျောင်းများတွင် သင်ကြားနိုင်စေရန် ဥပဒေ ပြဋ္ဌာန်းနိုင်ရေး ကြိုးပမ်းသွားပါမယ်။
(ဂ) နိုင်ငံတကာအဆင့်မီသည့် ပညာရေးစနစ်ဖြစ်ပေါ်လာရေး စီမံဆောင်ရွက်သွား ပါမယ်။
(ဃ) အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပြည်နယ်အလိုက် ကျောင်းသူ ကျောင်းသားများအား အချိုးအစားသတ်မှတ်၍ လက်ခံရေးဆောင်ရွက်ပါမယ်။
(င) အနာဂတ်ဘဝကို အာမခံချက်ပေးနိုင်မည့် နိုင်ငံတကာအဆင့်မီသည့် ပညာရေး စနစ်ဖြစ်ရန် စီမံဆောင်ရွက်သွားပါမယ်။

၈။ **အခြားအထွေထွေကဏ္ဍများအနက် သဘာဝသယံဇာတများနှင့် ပတ်သက်ပြီး**

(က) သယံဇာတမပြုန်းတီးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး တို့ကို ဖော်ဆောင်သွားပါမယ်။
(ခ) သစ်တောထွက်ပစ္စည်းများ၊ စက်မှုကုန်ကြမ်းအထောက်အကူပြုသစ်များ စိုက်ပျိုး ထုတ်လုပ်သွားနိုင်ရန် စီမံဆောင်ရွက်ပါမယ်။
(ဂ) သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အားပေးကူညီ ဆောင်ရွက် သွားမယ်။

ထို့ပြင် နိုင်ငံတော်၏ စက်မှုလက်မှုအခန်းကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ လူမှုရေးကဏ္ဍစသည့် ကဏ္ဍအသီးသီးမှာလည်း နိုင်ငံတကာနှင့်တစ်ပြေးညီ တိုးတက်ဖွံ့ဖြိုးရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်စည်ပင်ရေးတို့ကို ဤပါတီမှ အလေးပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း အသိပေးတင်ပြအပ်ပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများခင်ဗျား-

ကျွန်တော်တို့ ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီရဲ့ ရည်ရွယ်ချက်၊ မူဝါဒသဘောထား နှင့် လုပ်ငန်းစဉ်များကို အကျဉ်းမျှ ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။

အနာဂတ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးဟာ ကျွန်တော်တို့ ပြည်ထောင်စုဖွားတိုင်းရင်းသားပြည်သူများရဲ့ သွေးစည်းညီညွတ်မှု၊ လူမှုအခြေခံ အခွင့် အရေးတန်းတူညီမျှမှု၊ လွတ်လပ်တရားမျှတမှုစတဲ့ ဒီမိုကရေစီအခွင့်အရေးများ ပြည့်ဝစွာ ခံစားပိုင်ခွင့်များအပေါ် များစွာတည်မှီနေပါတယ်။

ဒီမိုကရေစီအနှစ်သာရပြည့်ဝသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး ဖြစ်ထွန်း အဓွန့်ရှည်ကြာ ခိုင်မြဲရေးအတွက် ကျွန်တော်တို့ပါတီက မိမိမူဝါဒသဘောထားလုပ်ငန်းစဉ်များ အတိုင်း ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် မတ် ၁၀

အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ် အတွင်းရေးမှူး ဦးကျော်စွာစိုးနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးဝင်းဇော်တို့က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို မတ် ၁၀ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ချစ်ခင်လေးစားရပါသော မိဘပြည်သူများခင်ဗျား-

ကျွန်တော်ကတော့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၊ အတွင်းရေးမှူးများအဖွဲ့ဝင် အတွင်းရေးမှူး ဦးကျော်စွာစိုး ဖြစ်ပါတယ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ကြားဖြတ်ရွေးကောက်ပွဲမှာ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး ပွင့်ဖြူမြို့နယ်မှာ ဝင်ရောက် အရွေးချယ်ခံမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ ပါတီဖြစ်တဲ့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ဟာ မျိုးချစ်စိတ်ဓာတ်ကို အခြေခံပြီး အမျိုးသားအကျိုးစီးပွားကိုသာ အလေးထားဆောင်ရွက်မယ့် ပုဂ္ဂိုလ်များနဲ့ ဖွဲ့စည်းထားတဲ့ အမျိုးသားနိုင်ငံရေးအင်အားစုတစ်ခု ဖြစ်ပါတယ်။

ဒီနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ စီမံအုပ်ချုပ်တဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်မှာ ပေါ်ထွန်းလာခဲ့ပြီ ဖြစ်ပါတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ရွေးကောက်တင်မြှောက်လိုက်တဲ့ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်လည်း ပေါ်ပေါက်လာခဲ့ပြီ ဖြစ်ပါတယ်။

ချစ်ခင်လေးစားရပါသော မိဘပြည်သူများခင်ဗျား-

ကျွန်တော့်ရဲ့ဖခင်ဟာ စလင်းမြို့သားဖြစ်ပြီးတော့ မိခင်ဟာ ပွင့်ဖြူမြို့နယ်သူ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် ပြောရရင် ကျွန်တော်ဟာ စလင်း၊ ပွင့်ဖြူမြို့နယ်တို့ရဲ့ အခြေခံသားရင်းတစ်ယောက်ဖြစ်ပါတယ်။ ဒီနယ်မြေရဲ့ ဒေသခံသားအရင်းအချာတစ်ယောက်ဖြစ်တဲ့အတွက် ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေနဲ့ ထပ်တူထပ်မျှ ခံစားရတဲ့သူတစ်ယောက်လည်းဖြစ်ပါတယ်၊ ဒီနယ်မြေမှာရှိတဲ့ ပြည်သူတွေရဲ့ ခံစားချက်တွေ၊ နစ်နာချက်တွေ၊ လိုလားချက်တွေကို ပြည်သူများနည်းတူ ခံစားရင်း၊ ပြည်သူများရဲ့ လိုအင်ဆန္ဒတွေကို အောင်မြင်အောင် ဖြည့်ဆည်းပေးနိုင်ဖို့ ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ဆောင်ရွက်ပေးလိုတဲ့ ပြင်းပြတဲ့ဆန္ဒနဲ့ ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်ရဲ့ လူဦးရေအများစုဟာ တောင်သူလယ်သမားများ ဖြစ်ပါတယ်။ ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် ပွင့်ဖြူမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ဖို့က ပဓာန ဖြစ်ပါတယ်၊ တောင်သူလယ်သမားများဟာ နဖူးကချွေး ခြေမကျအောင် ပင်ပန်းကြီးစွာ ရုန်းကန်လုပ်ရှားပြီး ပြည်သူများအတွက် လိုအပ်တဲ့စားနပ်ရိက္ခာများကို ထုတ်ပေးရတဲ့သူများ ဖြစ်ပါတယ်၊ ဒီလိုပင်ပန်းကြီးစွာ လုပ်ကိုင်ပြီး ပြည့်ဝမ်းစာကို ဖြည့်တင်းပေးနေကြပေမယ့် တောင်သူလယ်သမားများဟာ မိမိတို့လုပ်အားနဲ့ ထိုက်တန်တဲ့အကျိုးကျေးဇူးများကို ဒီနေ့အထိ ပြည့်ပြည့်ဝဝမခံစားရသေးဘဲ ရှိနေပါတယ်၊ တောင်သူလယ်သမားများရဲ့ လူနေမှုဘဝ မြှင့်တင်ပေးရန်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်နိုင်ဖို့အတွက် ပွင့်ဖြူမြို့နယ်သူ၊ နယ်သားများရဲ့ အဓိကလိုအပ်ချက်များကို ဆန်းစစ်ရာမှာ အောက်ပါအတိုင်းတွေ့ရှိရပါတယ်-

ပွင့်ဖြူမြို့နယ်တွင် ကျေးရွာပေါင်း (၂၀၅)ရွာရှိပြီး ကျေးရွာအုပ်စု (၅၆)အုပ်စုရှိပြီး မဲပေးနိုင်သူဦးရေ တစ်သိန်းတစ်သောင်းခန့်ရှိသည်။ လယ်ယာလုပ်ငန်းလုပ်ကိုင်သူများပြားပြီး ဆင်းရဲသူများ များပြားပါသည်။ ပွင့်ဖြူမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်ပေးရမည့် ကိစ္စရပ်များမှာ-

၁။ လမ်းပန်းဆက်သွယ်ရေးအဆင်ပြေချောမွေ့စေရေး

၂။ မိုးစပါး စိုက်ပျိုးပြီးနောက် မိမိတို့ကြိုက်နှစ်သက်သည့် ဈေးကွက်ဝင် သီးနှံများ စိုက်ပျိုးနိုင်ရေး (ဥပမာ-ကုလားပဲ) မှတ်ချက်။ ။လယ်သမားများ နွေစပါးကို မဖြစ်မနေ စိုက်ပျိုးနေကြရပါသည်။

၃။ ကျေးရွာများတွင် စွမ်းအင်လုံလောက်မှု မရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းခြင်း(ကျေးရွာအများစုတွင် လျှပ်စစ်မီး လုံလောက်အောင် မရရှိကြပါ။)

၄။ ကျန်းမာရေးအသိပညာ အားနည်းပြီး ကူညီစောင့်ရှောက်မှုလည်း နည်းပါးသည်၊ မိမိတို့ ပါတီမှ လွှတ်တော်တွင် ပြောရေးဆိုခွင့်ရလာမည်ဆိုပါက ပွင့်ဖြူမြို့နယ် ပြည်သူလူထုနှင့်ပူးပေါင်း၍ စုပေါင်းကျန်းမာရေးကူညီစောင့်ရှောက်မှုအသင်းကြီးကို ပွင့်ဖြူမြို့နယ်တွင် စတင်ထူထောင်သွားမည်။

၅။ နိုင်ငံသားတိုင်း ဥပဒေနားလည်ရန် လိုအပ်သည်။ အောက်ခြေလူတန်းစားများ ဥပဒေနားမလည်သဖြင့် ဥပဒေနားလည်သော အုပ်ချုပ်သူလူတန်းစားများ၏ အနိုင်ကျင့်မှုကို မခံရစေရန် ကျေးရွာပြည်သူများ ဥပဒေနားလည်ရန် လိုအပ်သည်။ မိမိတို့ ပါတီမှလည်း ဥပဒေဘောင်အတွင်းမှ ပြည်သူလူထုအား ကူညီသွားမည်။

၆။ လူတိုင်း ပညာတတ်မြောက်ရန် လိုအပ်သဖြင့် မိမိတို့ ပါတီမှ လွှတ်တော်တွင်း ဆောင်ရွက်ခွင့်ရရှိပါက ကျေးရွာစာသင်ကျောင်းများ တိုးတက်ရေးနှင့် နိုင်ငံတော်မှ အကူအညီထောက်ပံ့မှု ရရှိစေရေးကို လွှတ်တော်တွင်းမှာရော လွှတ်တော်ပြင်ပမှာပါ အောင်မြင်အောင် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့၊ သတ္တိရှိရှိနဲ့ ဆောင်ရွက်မယ်ဆိုတာကို ပြည်သူများ ရှေ့မှောက်မှာ ရဲရဲကြီးဝန်ခံကတိပြုပါတယ်။

ချစ်ခင်လေးစားရပါသော မိဘပြည်သူများခင်ဗျား-

ယခုကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးဟာ ကျွန်တော်တို့မြန်မာနိုင်ငံတော်ကြီး နယ်ချဲ့အင်အားကြီးနိုင်ငံတွေရဲ့ လောင်းရိပ်အောက်က လွတ်မြောက်ပြီး၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာအစစ်အမှန် ပိုင်ဆိုင်တဲ့နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် အရေးကြီးတဲ့ အဆုံးအဖြတ်တစ်ခုလည်း ဖြစ်တဲ့အတွက် ကျွန်တော်တို့ရဲ့ မျိုးချစ်စိတ်ထက်သန်တဲ့ ပွင့်ဖြူမြို့နယ်သူ၊ မြို့နယ်သားများရဲ့ တန်ဖိုးရှိလှတဲ့ ဆန္ဒမဲကို ဆင်ခြင်တုံတရားနဲ့ အမှန်အကန်ဆုံး ရွေးချယ်ပေးနိုင်မယ်လို့ ယုံကြည်ပါတယ်။ ဆက်လက်ပြီး အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး မိတ္ထီလာမြို့နယ်မှ ဝင်ရောက်ရွေးချယ်ခံမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးဝင်းဇော်မှ တင်ပြသွားမှာ ဖြစ်ပါတယ်။

မိဘပြည်သူများ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေရန် ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

ချစ်ခင်လေးစားရပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-

ကျွန်တော်ကတော့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အဖွဲ့ဝင် ဦးဝင်းဇော်ဖြစ်ပါတယ်၊ ဧပြီလ ၁ ရက်နေ့မှာ ကျင်းပမယ့် ရွေးကောက်ပွဲမှာလည်း အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး မိတ္ထီလာမြို့နယ်မှာ ဝင်ရောက်အရွေးခံမယ့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးလည်း ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-

မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ကို အခြေခံပြီး ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ဆောင်ပုဒ်ဟာ-

ငြိမ်းချမ်းရေးသည် ပထမ

ဒီမိုကရေစီအရေးသည် အဓိက

ပြည်သူ့ဘဝပြောင်းလဲတိုးတက်ရေးသည် ပဓာန ဖြစ်ပါတယ်။

ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီးမှာ ထာဝရငြိမ်းချမ်းရေးရရှိဖို့လိုအပ်ပါတယ်၊ လွတ်လပ်ရေးနဲ့အတူ တစ်ပြိုင်တည်းလို ပါလာတဲ့ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းသွားဖို့လိုအပ်ပါတယ်။ ဒီလိုထာဝရငြိမ်းချမ်းရေးရရှိမှသာလျှင် ပြည်သူအားလုံး စိတ်ချမ်းမြေ့စွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးရရှိမှသာလျှင် ဒီမိုကရေစီ ဖော်ဆောင်ရေးလုပ်ငန်းစဉ်များလည်း အောင်မြင်နိုင်မှာဖြစ်ပါတယ်၊ ဒီမိုကရေစီစနစ်ကို အောင်မြင်စွာ တည်ဆောက်နိုင်မှသာ ပြည်သူအများရဲ့ “ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်” အပြည့်အဝရရှိမှာဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-

ငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့ဒီမိုကရေစီစနစ်ရှိမှသာ ဒီမိုကရေစီစနစ်ကို အခြေခံပြီး ပေါ်ပေါက်လာတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစစ်များနဲ့ ဖွဲ့စည်းထားတဲ့ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့အဆင့်ဆင့်တို့ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်၊ ဒီလို ပေါ်ပေါက်လာမှသာလျှင် ပြည်သူတွေရဲ့ဘဝ ပြောင်းလဲတိုးတက်စေရန် ဥပဒေများ၊ အုပ်ချုပ်မှုစနစ်များ ပေါ်ထွန်းဖြစ်တည်လာမှာဖြစ်ပါတယ်။ အဓိကအကျဆုံး အခြေခံယူချက်ကတော့ ကျွန်တော်တို့ရဲ့မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်၊ ပြည်ထောင်စုစိတ်ဓာတ်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-

ကျွန်တော်တို့ရဲ့ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရာမှာ တစ်မြို့တစ်နယ်ချင်းစီက ငြိမ်းချမ်းမှ ဖွံ့ဖြိုးတိုးတက်မှ ဖြစ်မှာပါ၊ ဒါကြောင့် ကျွန်တော့်ရဲ့ ဇာတိဖြစ်တဲ့ မိတ္ထီလာမြို့မှာရှိတဲ့ ရပ်ကွက်တွေ၊ ကျေးရွာတွေ ငြိမ်းချမ်းဖို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ ပြည်ထောင်စုကြီးအတွက် အခြေခံဖြစ်တယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

ကျွန်တော်နဲ့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်အနေနဲ့ မိတ္ထီလာနယ်သူ၊ နယ်သားတွေကို အကာအကွယ်ပေးဖို့ အကူအညီပေးဖို့အတွက် အားသွန်ခွန်စိုက်ဆောင်ရွက်လုပ်ကိုင်သွားမှာပါ။

အကာအကွယ်ပေးဖို့ဆိုတာ ဘာတွေကိုအကာအကွယ်ပေးမှာလဲလို့ ဆိုစရာရှိနေပါတယ်၊ နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်အရပ်ရပ်က ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွေကို စိတ်ကောင်း၊ စေတနာကောင်းတွေနဲ့ ပြုပြင်ပြောင်းလဲမှုတွေ ဆောင်ရွက်နေသော်ငြားလည်း အချို့အချို့သောအောက်ခြေအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများအနေနဲ့ နိုင်ငံတော်သမ္မတနဲ့ အစိုးရအဖွဲ့ရဲ့ပြောင်းလဲမှုနှုန်းကို အမီမလိုက်နိုင်ခြင်း၊ စိတ်၊ စေတနာနဲ့ဆောင်ရွက်ချက်များအပေါ် အပြည့်အဝ နားမလည်နိုင်ခြင်းတို့ကြောင့် ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေခြင်း၊ နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးစေခြင်းများရှိနေခြင်း ရှိနေဆဲပဲဖြစ်ပါတယ်၊ အဲ့ဒီလိုအနေအထားများကနေ အကာအကွယ်ပေးသွားမှာ ဖြစ်ပါတယ်။

အကူအညီပေးရေးဆိုတာကတော့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးနဲ့ ဆင်းရဲမှု တိုက်ဖျက်ရေးကိစ္စမှာ လိုအပ်သလို အကူအညီပေးသွားမှာ ဖြစ်ပါတယ်၊ မိတ္ထီလာမြို့ဟာ လမ်းဆုံမြို့ဖြစ်တဲ့အတွက် ကုန်သည်ပွဲစား၊ စီးပွားရေးသမားများ လွန်စွာပေါသလို တပ်မတော် တပ်ရင်းတပ်ဖွဲ့များလည်း များပြားလှတဲ့မြို့ဖြစ်တဲ့အတွက် တပ်မတော်သားများနဲ့ တပ်မတော်သား မိသားစုဝင်များ အရေအတွက်မနည်းဘဲ ရှိနေပါတယ်၊ ဒါ့အပြင် တက္ကသိုလ်၊ ကောလိပ်နဲ့ သင်တန်းကျောင်းများ တည်ရှိနေခြင်း၊ စက်ရုံအလုပ်ရုံများပေါများခြင်း၊ ဒုတိုင်းရုံးများနှင့် ခရိုင်အဆင့်ရုံးများရှိနေခြင်းအတွက်ကြောင့် နိုင်ငံ့ဝန်ထမ်းများလည်း ပေါများလှပါတယ်၊ ဒါ့အပြင် မြို့နယ်လူဦးရေရဲ့ ၆၅ ရာခိုင်နှုန်းခန့်ဟာ ကျေးလက်မှာ နေထိုင်တဲ့ တောင်သူလယ်သမားများ ဖြစ်ကြတဲ့အတွက် နယ်ပယ်ပေါင်းစုံ အင်အားကောင်းတဲ့ ပြည်သူများ တည်ရှိနေတဲ့ မြို့နယ်ဖြစ်တဲ့အတွက် အလွှာပေါင်းစုံ၊ ဘက်ပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ အမြော်အမြင်ရှိရှိနဲ့ ဆောင်ရွက်လုပ်ကိုင်ပေးဖို့ လိုအပ်ပါတယ်။

ကျွန်တော်နဲ့ အမျိုးသားနိုင်ငံရေးမဟာမိတ်များ အဖွဲ့ချုပ်အနေနဲ့ အထူးသဖြင့်-

- တောင်သူလယ်သမားများအခွင့်အရေး အကာအကွယ်ပေးရေး၊
- စိုက်ပျိုးစရိတ် ချေးငွေများ လုံလောက်စွာရရှိရေး၊
- စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး၊
- သဘာဝဘေးဒဏ်နဲ့ သီးနှံဖျက်ပိုးများ ကျရောက်ခြင်းကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးသွားတဲ့အခါ စိုက်ပျိုးစရိတ်ချေးငွေများကို ယင်းရာသီအတွက် တစ်ရာသီအတိုးမဲ့ ဆိုင်းငံ့ခွင့်ရရှိရေးတို့ကို အလေးပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်၊
- ကျေးလက်လျှပ်စစ်မီးလင်းရေးနဲ့ ကျေးလက်လမ်းများ အဆင့်မြှင့်တင်ပေးရေး၊
- ကုန်သည်ပွဲစား လုပ်ငန်းရှင်များ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်နှင့် အံဝင်ခွင်ကျ တိုးတက်စေနိုင်ရေး၊
- တပ်မတော်သားများနဲ့ ယင်းတို့ရဲ့ မိသားစုဝင်များ လူမှုဘဝ တိုးတက်စေရေး၊
- နိုင်ငံ့ဝန်ထမ်းများ ဖူလုံမှုရှိစေရေးနဲ့ တိုးပွားလာတဲ့ လူဦးရေနဲ့ မော်တော်ယာဉ်အရေအတွက်များကြောင့် အံဝင်ခွင်ကျ မဖြစ်တော့သည့် မိတ္ထီလာကန်ကူးတံတားကြီးအား အဆင့်မြှင့်တိုးချဲ့ပြုပြင်ဆောင်ရွက်ပေးသွားရေး၊
- ယိုယွင်းတိမ်ကောနေတဲ့ မိတ္ထီလာမြို့ရဲ့ ကျက်သရေဆောင် သမိုင်းဝင် မိတ္ထီလာကန်ကြီး ပြန်လည်ပြုပြင်ဆယ်ဖို့ရေးတို့ကို ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ဒီလိုကိစ္စများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက်ဆို ကျွန်တော်နဲ့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ကို မဲဆန္ဒရှင်ပြည်သူများက တစ်ခဲနက်အားပေးရွေးချယ်မှသာလျှင် နိုင်ငံတော်အစိုးရနဲ့ လွှတ်တော်အဆင့်ဆင့်မှာ တင်ပြတောင်းဆိုဆောင်ရွက်ပေးနိုင်မှာ ဖြစ်ပါတယ်။

ကျွန်တော် ဦးဝင်းဇော်ရဲ့ ကိုယ်စားပြုပါတီအမှတ် သင်္ကေတအဖြူရောင် စက်ဝိုင်း၊ အပြာရောင်အောက်ခံနဲ့ ကြယ်ဖြူတစ်ပွင့် အမှတ်အသား ဖြစ်ပါတယ်။ မိမိတို့ရဲ့ ဇာတိဒေသအကျိုးကို အမှန်တကယ်ဆောင်ရွက်မည့် မိတ္ထီလာကန်တော်ကြီးကို ကယ်တင်မယ့် မိတ္ထီလာနယ်သူ၊ နယ်သားများကို အကာအကွယ်ပေးမယ့်၊ အကူအညီပေးမယ့် ကျွန်တော်နဲ့ ကြယ်ဖြူပွင့်အမှတ်အသားကို “အမှန်ခြစ်”ခြစ်ခြင်းအားဖြင့် ကျွန်တော့်ကို တာဝန်ပေးအပ်ခဲ့ရင် ဒီတာဝန်ကို ကျေပွန်အောင် ကိုယ်စွမ်းရှိသရွေ့၊ ဉာဏ်စွမ်းရှိသရွေ့ ရဲရဲကြီးထမ်းဆောင်သွားမှာဖြစ်ကြောင်း ကတိပြုပြောကြားလိုပါတယ်။

မဲဆန္ဒရှင် မိဘပြည်သူအပေါင်း ဒီမိုကရေစီခေတ်သစ်မှာ ငြိမ်းချမ်းပြီး တိုးတက်ဖွံ့ဖြိုးကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၃-၂၀၁၂ (တနင်္ဂနွေနေ့)

၇း၀၅ တရားတော်
၁၁း၂၀ ကာတွန်းအစီအစဉ် -ကြောင်ကလေးအော်ဂီနှင့် ပိုးဟပ်ရုပ်ကလေးများ (အပိုင်း-၃၈)
၁၁း၅၀ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် -အဆုံးမဲ့ပင်လယ်
၁၂း၄၀ မှတ်တမ်း
၁း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရှင်သန်နေသရွေ့ (အပိုင်း-၇)
၄း၄၅ ကြိုတင်တားဆီးရန်သူမီး
၅း၀၅ အမျိုးသားရေးတေးကဗျာ
၅း၃၀ ဒီဇိုင်နာတို့ရဲ့ ဒီဇိုင်း
၆း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ အမျိုးသားရေးတေးကဗျာ
၆း၃၀ ဘဝကြေးမုံ (အနမ်းများစမ်းရေ) နှင်းထက်ထက်ဝေနှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-ဆဲဗင်း (အိုင်စီ)]
၆း၅၀ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကွန်ဖူးဘုရင်ဘရုစ်လီ (အပိုင်း-၁၃)**
- မြဝတီရုပ်မြင်သံကြားသတင်း
- ခေတ်သစ်ပြည်သူ့ပါတီ
- ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
- ယနေ့ရန်ကုန်မြင်ကွင်းစုံ
- ပဟေဠိနန်းတော်
- ကျန်းမာသုတ

-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ကိုလူချောလေးရဲ့ ဒုတိယအစီအစဉ်” (အပိုင်း-၄)
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -“အရှက်ဦးရဲ့ လင်းသံစဉ်” (အပိုင်း-၉)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် မတ် ၁၀

လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများက မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများကို အများပြည်သူရုံးပိတ်ရက်များတွင်ပါ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။ မတ် ၃ ရက် စနေနေ့ ရုံးပိတ်ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ ရွှေဂူကြီးဘုရားဓမ္မာရုံ၌ ဒေသခံပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားတို့၏ အရေးပါမှု၊ ပျက်စီး၊ ပျောက်ဆုံးမှု မရှိစေရေးအတွက် စနစ်တကျကိုင်တွယ်ထိန်းသိမ်းရန် လိုအပ်မှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာ ရွှေဂူကြီးဘုရားဓမ္မာရုံ၌ ဒေသခံပြည်သူများအား မိုးပွင့်အဆင့်(၂) စီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးတင့်လွင် မြောက်ဥက္ကလာပမြို့နယ် ရတနာသိဂီ ဈေးအနီးရှိ GSM မိုဘိုင်းစခန်း တည်ဆောက် သည့်နေရာ၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

GSM/UMTS မိုဘိုင်းတိုးချဲ့ရေးစီမံကိန်း ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၁၀

GSM/UMTS မိုဘိုင်းတိုးချဲ့ရေးစီမံကိန်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက်တွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရတနာပုံတယ်လီပို့ ကုမ္ပဏီလီမိတက်(ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ကျင်းပရာ GSM မိုဘိုင်းတိုးချဲ့ရေးစီမံကိန်းမန်နေဂျာနှင့် အင်ဂျင်နီယာချုပ်တို့က စီမံကိန်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြကြပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းနှင့် ပူးပေါင်းဆောင်ရွက်နေသော မိုဘိုင်းစက်ပစ္စည်းများ ထုတ်လုပ်ပေးသွင်းနေသည့် ကုမ္ပဏီမှ တာဝန်ရှိသူများက တာဝန်ယူဆောင်ရွက်နေသည့် ကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်က အရည်အသွေးပြည့်မီသည့် မိုဘိုင်းတယ်လီဖုန်းစနစ်ရရှိ သုံးစွဲနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။ ဒုတိယဝန်ကြီးသည် မြောက်ဥက္ကလာပမြို့နယ် ရတနာသိဂီ ဈေးအနီးရှိ GSM မိုဘိုင်းစခန်း တည်ဆောက်သည့်နေရာကို ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

မီးဘေးကိုရှောင်နိုင်ရေး

ရန်ကုန် မတ် ၁၀

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ ရောက်ရှိလာပြီဖြစ်ရာ ယခုတလော ပေါ့ဆမီးကြောင့် ဈေးကြီးများတွင် မီးလောင်မှုသတင်းများကို မကြာခဏကြားနေရပြီး မီးဘေးအန္တရာယ်ကာကွယ်တားဆီးရေးကို ကြိုတင်ဆောင်ရွက်သင့်ကြောင်း သတိပေးလိုစိတ်ဖြစ်မိသည်။

ရန်သူမျိုးငါးပါးတွင် တစ်ပါးဖြစ်သည့် မီးလောင်မှုကြောင့် ပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်နစ်နာမှုများ ကြုံရမည်ဖြစ်ရာ "မီးဘေးရှောင် မလောင်ခင်တား" ဆိုသည့်အတိုင်း မီးလောင်မှုမဖြစ်စေရန် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။

မီးလောင်မှုဖြစ်စဉ်များအနက် မီးပေါ့ဆမှုကြောင့် လောင်ကျွမ်းခြင်း၊ လျှပ်စစ်မီးသုံးစွဲရာတွင် စနစ်တကျမရှိခြင်းတို့ကြောင့် အများဆုံးဖြစ်ရသည်။ သို့ဖြစ်ရာ မိမိအိမ်၊ မိမိပတ်ဝန်းကျင်၌ လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန် တစ်ဦးချင်း၊ မိသားစု တစ်စုချင်း အစဉ်သတိပြုရမည်ဖြစ်သကဲ့သို့ လျှပ်စစ်အန္တရာယ် ရှိ၊ မရှိကိုလည်း နေ့စဉ်ကြည့်ရှု စစ်ဆေးသွားသင့်ပေသည်။ ယခုအခါ မီးသတ်ဦးစီးဌာနကလည်း မီးဘေးအန္တရာယ်ကာကွယ်ရေး သတိပေးပိုစတာများဖြင့်လည်းကောင်း၊ သတင်းစာနှင့်ရုပ်မြင်သံကြားတွင် သတိပေးချက်များ ထုတ်ပြန်၍ လည်းကောင်း ရပ်ကွက်အတွင်း မီးကင်းစောင့်ခြင်း၊ မီးသုံးစွဲချိန် သတ်မှတ်ခြင်းတို့ကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရသည်။

ထို့ကြောင့် မိမိပေါ့ဆမှုကြောင့် မီးဘေးအန္တရာယ်ကျရောက်၍ ဆုံးရှုံးမှုမဖြစ်စေရန် မီးကိုသတိထား သုံးစွဲသင့်ကြောင်း တိုက်တွန်းလိုက်ရပါသည်။

(ဥမ္မာသန့်-သတင်းစဉ်)

သန်လျင်မြို့မှ ဆိုင်ကယ်ကယ်ရီများ စည်းကမ်းရှိစေချင်

သန်လျင် မတ် ၁၀

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့၏ မြို့တွင်းနှင့် မြို့ပြင်ရပ်ကွက်/ကျေးရွာများအတွင်း၌ ယခုအခါ မော်တော်ယာဉ်များထက် ဆိုင်ကယ်ကယ်ရီမောင်းသူများအား အထူးသတိပြု ရှောင်ရှားသွားလာကြရကြောင်း၊ အဆိုပါ ဆိုင်ကယ်များအနေဖြင့် သက်ဆိုင်ရာမှ ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာခြင်းမရှိဘဲ မိမိထင်သလို လမ်းသွားလမ်းလာများအား မထီမဲ့မြင် ပြုလုပ်လျက်ရှိကြောင်း၊ ဆိုင်ကယ်ဦးထုပ် မဆောင်းဘဲ မောင်းနှင်ခြင်း၊ ခရီးသည် သုံးဦးတင်ဆောင်မောင်းနှင်ခြင်း၊ မောင်းနှင်ရာတွင်လည်း အရှိန်ကိုထိန်း၍ မောင်းခြင်းမပြုလုပ်ဘဲ အရှိန်ပြင်းစွာ မောင်းသဖြင့် ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း ဒေသခံတစ်ဦး၏ အဆိုအရ သိရသည်။

တာဝန်ရှိသူများက စစ်ဆေးအရေးယူမှုများ မကြာခဏပြုလုပ်သော်လည်း လိုက်နာခြင်းမရှိသည်ကို တွေ့ရကြောင်း၊ အဆိုးဆုံးမှာ အခကြေးငွေဖြင့် မောင်းနှင်နေကြသော ဆိုင်ကယ်ကယ်ရီသမားများဖြစ်ပြီး အဆိုပါ ဆိုင်ကယ်ကယ်ရီသမားများမှာ အုပ်စုလိုက် မောင်းနှင်သူအများစုဖြစ်ကြောင်း ထပ်မံသိရှိရသည်။ ထို့ကြောင့် ဒေသခံပြည်သူများက အဆိုပါ ကယ်ရီများအား ပိုမိုထိရောက်သော စည်းကမ်းချက်ဖြင့် ဆောင်ရွက်ရန် ဆန္ဒရှိကြကြောင်း သိရသည်။

(၆၀၈)

ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ

ဂျပန်ကုန်စည်ပြပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် မတ် ၁၀

ဂျပန်ပြည်ပကုန်သွယ်မှုအသင်း Japan External Trade Organization (JETRO) က ကြီးမှူးကျင်းပသည့် ဂျပန်ကုန်စည်ပြပွဲ (Japan Festival 2012) ဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်ရှိ Strand Hotel ၌ ကျင်းပသည်။**(ယာပုံ)**

ရှေးဦးစွာ ဂျပန်ပြည်ပကုန်သွယ်မှုအသင်းမှ Director General Mr. NOBUYUKI Koyama က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်မြို့တော်ဝန် တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Takashi SAITO နှင့် ဂျပန်ပြည်ပကုန်သွယ်မှုအသင်း Director General တို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အဆိုပါ ပြပွဲတွင် ဂျပန်နိုင်ငံထုတ်ကုန်များဖြစ်သည့် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံးကုန်များ၊ ဆေးဝါးနှင့် ဆေးဝါးပစ္စည်းများ၊ စားသောက်ကုန်များကို ကုမ္ပဏီ ၄၈ ခုတို့က ပြခန်း ၄၈ ခန်းဖြင့် မတ် ၁၁ ရက်အထိ သုံးရက်ကြာဖွင့်လှစ်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၁၀

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၁၂ ခုနှစ် (၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဒုတိယနေ့ကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ယနေ့ဆက်လက်ကျင်းပသည်။

ရတနာကုန်သည်များသည် နံနက် ၉ နာရီမှစတင်၍ ကျောက်မျက်အတွဲများနှင့် ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြပြီး တင်ဒါစနစ်၊ ဈေးပြိုင်စနစ်တို့ဖြင့် အပြိုင်အဆိုင်ဝယ်ယူကြရာ ပြပွဲဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ပြပွဲဗဟိုကော်မတီဝင်များက လိုက်လံကြီးကြပ်ဆောင်ရွက်ပေးကြသည်။

ယနေ့တွင် တင်ဒါစနစ်ဖြင့် ကျောက်မျက် ၁၄ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ကျောက်မျက် ၁၀ တွဲ စုစုပေါင်း ကျောက်မျက် ၂၄ တွဲ ရောင်းချရပြီး ဈေးနှုန်းအမြင့်ဆုံးဖြင့် ဝယ်ယူခဲ့သည့် ပတ္တမြားနဂါးကုမ္ပဏီမှ ဦးမောင်မောင်နိုင်အား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ထို့အတူ တင်ဒါစနစ်ဖြင့် ပုလဲ ၉၁ တွဲ၊ ဈေးပြိုင်စနစ်ဖြင့် ပုလဲ ၃၂ တွဲ စုစုပေါင်း ပုလဲ ၁၂၃ တွဲ ရောင်းချရသည်။

ယခုပြပွဲတွင် ဈေးနှုန်းအမြင့်ဆုံးနှင့် အကြိမ်အများဆုံး ပုလဲတွဲ ဝယ်ယူခဲ့သည့် ဂျပန်နိုင်ငံမှ Mr. Shrenik Jitendra Jhaveri အား မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိန်လွင်က ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

ညနေပိုင်းတွင် ရတနာကုန်သည်များသည် မတ် ၁၁ ရက်မှ စတင်ရောင်းချမည့် ကျောက်စိမ်းအတွဲများအား ကြည့်ရှုလေ့လာကြပြီး အဆိုပြုလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

မဏိရတနာကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ရတနာပစ္စည်းအရောင်းဆိုင်များနှင့် ခန်းမဝင်းအတွင်း ပြသထားသော ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် မြေတူးစက်များ အရောင်းပြခန်းများ၌ ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။

ပြပွဲသို့ လာရောက်ကြသည့် ရတနာကုန်သည်များ တည်းခိုရေး၊ သွားလာရေး၊ ဆက်သွယ်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးတို့ အဆင်ပြေချောမွေ့လွယ်ကူစေရန် ပြပွဲဗဟိုကော်မတီက ကြီးမှူး၍ ဆပ်ကော်မတီရုံးခန်းများ ဖွင့်လှစ်၍ ဆောင်ရွက်ပေးလျက်ရှိပြီး ပြပွဲကို မတ် ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (သတင်းစဉ်)

(၄၉)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲ ဒုတိယနေ့၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များ ပုလဲအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ချင်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာများနှင့် နည်းပညာများကို ဒေသအတွင်းမှာပင် သင်ယူနိုင်ရန်အတွက် တည်ဆောက်ဖွင့်လှစ်ထားသော ပညာရေးအဆောက်အအုံများ

ချင်းပြည်နယ်အတွင်းရှိ ဒေသခံတိုင်းရင်းသား လူငယ်မောင်မယ်များ မိမိတို့ဒေသအတွင်းမှာပင် အသိပညာ၊ အတတ်ပညာများ သင်ယူတတ်မြောက်ကြပြီး ပညာတတ်တိုင်းရင်းသားအသိပညာရှင်များ ဖြစ်ထွန်းကာ နိုင်ငံတော်အကျိုး၊ မိမိတို့ ပြည်နယ်အကျိုးကို ပါဝင်ထမ်းရွက်စေရန် ရည်ရွယ်၍ ချင်းပြည်နယ် နယ်စပ် ကလေးမြို့တွင် တည်ဆောက်ပေးထားသော နည်းပညာတက္ကသိုလ်(ကလေး) (အောက်ပုံ)နှင့် မီးရောင်စုံထွန်းညှိထားသည့် ညမြင်ကွင်းအလှ(အပေါ်ပုံ)ကို တွေ့ရစဉ်။

* ချင်းပြည်နယ်သည် တောတောင်ထူထပ်၍ မြေပြန့်အလွန်နည်းပါးသော ပြည်နယ်ဖြစ်၍ တိုင်းရင်းသားအချင်းချင်း ဆူကြုံနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှနည်းအောင် ဟန်ချက်ညီညီ မြှင့်တင်ပေးလျက်ရှိသည်။ အဆိုပါမြှင့်တင်မှုတွင် ချင်းပြည်နယ်အတွင်းရှိ ကျောင်းသားလူငယ်များ၏ ပညာရေးမြင့်မားတိုးတက်စေပြီး သိပ္ပံနှင့် နည်းပညာရှင်များ ပေါ်ထွက်လာအောင်လည်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများနည်းတူ ဖြည့်ဆည်းဆောင်ရွက်ပေးထားသည်။
* ချင်းပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှု ကွက်လပ်မကျန်စေရေး အထောက်အကူပြုမည့် ဖွံ့ဖြိုးရေးဒေသကြီးအဖြစ် သတ်မှတ်ဖော်ဆောင်ပေးလျက်ရှိသည်။ ကလေးဒေသတွင် တက္ကသိုလ်တစ်ခု၊ နည်းပညာတက္ကသိုလ်တစ်ခု၊ ကွန်ပျူတာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးခဲ့သည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

ကလေးမြို့တွင် ချင်းပြည်နယ်မှ လူငယ်များ အိုးမကွာ အိမ်မကွာဖြင့် နည်းပညာများကို သင်ယူတတ်မြောက်နိုင်အောင် တည်ဆောက်ဆဲ ကွန်ပျူတာတက္ကသိုလ်(ကလေး)ကို တွေ့ရစဉ်။ (အပေါ်ပုံ)

ချင်းပြည်နယ်အတွင်း အခြေခံပညာသင်ယူပြီးမြောက်သူများ၊ အဆင့်မြင့်ပညာများကို ဝေးလံသောဒေသများတွင် သွားရောက်သင်ယူစရာမလိုအောင် ပြည်နယ်နှင့် အနီးဆုံးဒေသဖြစ်သည့် ကလေးမြို့၌ ကလေးတက္ကသိုလ်(ယာပုံ)ကို တည်ဆောက်ပေးထားသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖောင်တော်ဦးဘုရားကျောင်းတော်ရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း၊ ရေချမ်းနှင့် ဆွမ်းများကပ်လှူစဉ်။ (သတင်းစဉ်)

◆ ရှေ့ဖုံးမှ

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့သည် ရင်ပြင်တော်ရှိ နမ့်ဟူး ကျောင်းဆောင်၌ နိုင်ငံတော်သြဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နန္ဒောဘာသ အမှူးပြုသော အင်းလေးဒေသမှ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညိုကြသည်။

အခမ်းအနားတွင် ဖောင်တော်ဦးမြတ်စွာဘုရားဂေါပကအဖွဲ့ သြဝါဒါစရိယ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တ ဓမ္မဝရ ထံမှ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ အမှူးပြုသော ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ရွတ်ပွား ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က နိုင်ငံတော်သြဝါဒါစရိယဆရာတော်နှင့် ပြည်နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်တို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဘုရားဖူးများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ရင်ပြင်တော်ရှိ ဇလသာလာခန်းမ၌ နိုင်ငံတော်သမ္မတအား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင် အခြေအနေများ၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့်ပတ်သက်၍ အင်းလေးကန်၏ ဒေသဆိုင်ရာ အချက်အလက်များ၊ ကန်တိမ်ကောလာရခြင်းနှင့် သဘာဝအနေအထားများ ပျက်စီးလာမှု၊ ခေတ်အဆက်ဆက် ထိန်းသိမ်းဆောင်ရွက်ခဲ့မှု၊ အရေးကြီးပုဂ္ဂိုလ်များ၏ ခရီးစဉ်များတွင် လမ်းညွှန်မှာကြားချက်များ၊ ပထမ(၅)နှစ် လုပ်ငန်းစီမံချက်ဖြင့် လုပ်ငန်းနယ်မြေသုံးခုခွဲခြား၍ အဓိကလုပ်ငန်း(၅)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်လုပ်ငန်းစီမံချက်နှင့် ဆောင်ရွက်ပြီးစီးမှု၊ ဒေသခံအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းတည်ထောင်သူများအား အသေးစားချေးငွေများထုတ်ပေးနေမှု၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ကန်နယ်မြေအတွင်း ဟိုတယ်ဇုန်တည်ထောင်ရန်လျာထားဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အင်းလေးကန်သည် သဘာဝကပေးအပ်ထားသည့် အမွေအနှစ်ကောင်းတစ်ရပ်ဖြစ်ပြီး မြန်မာနိုင်ငံအတွက် ထင်ရှားသည့် Land Mark တစ်ခုဖြစ်သကဲ့သို့ အာဆီယံအမွေအနှစ်ဥယျာဉ်အဖြစ်လည်းသတ်မှတ်ပြီး ထိန်းသိမ်းကာကွယ်လျက်ရှိသည့် သဘာဝကန်ကြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် အင်းလေးကန်ကြီး မတိမ်ကောမပျက်စီးရအောင်၊ ရေရှည်တည်တံ့နေအောင် သားစဉ်မြေးဆက် စဉ်ဆက်မပြတ် ထိန်းသိမ်းပြုပြင် ကာကွယ်စောင့်ရှောက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယခုအခါ လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး စနစ်တကျ ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေပြီ ဖြစ်ပါကြောင်း၊ အင်းလေးကန်နှင့်ပတ်သက်၍ ပြုပြင်သည့်အပိုင်းနှင့် ကာကွယ်ထိန်းသိမ်းသည့်အပိုင်းဟူ၍ အပိုင်း(၂)ပိုင်းခွဲပြီး စနစ်တကျ အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် အင်းလေးကန်ကို ရေရှည်ထိန်းသိမ်းဆောင်ရွက်သွားနိုင်ရန်အတွက် ပြည်တွင်း ပြည်ပအလှူရှင်များ၏ ဝိုင်းဝန်းပံ့ပိုးမှုဖြင့် ရန်ပုံငွေတစ်ရပ်ထူထောင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ အင်းလေးကန်ရှိ ဟိုတယ်လုပ်ငန်းများကလည်း ၎င်းကန်ကြီးထိန်းသိမ်းစောင့်ရှောက်မှုအတွက် ထိုက်သင့်သည့် အချိုးကျရန်ပုံငွေထည့်ဝင်ပြီး ပူးပေါင်းဆောင်ရွက်ကြရန် လိုကြောင်း၊ ၎င်းမှာ ကြီးမားကျယ်ဝန်းလှသည့် သဘာဝရေကန်ကြီးကို ထိန်းသိမ်းစောင့်ရှောက်ပြုပြင်ရေးဆောင်ရွက်ရာတွင် သမားရိုးကျလူအား၊ ဒေသခံလှေအင်အားများဖြင့် ဆောင်ရွက်နေ၍ လုံလောက်မှုရှိနိုင်မည်မဟုတ်ကြောင်း၊ လုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေမည့် စက်ယန္တရားကြီးများ အသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အင်းလေးကန်တွင် ဒေသခံလူဦးရေတိုးပွားလာမှုနှင့်အတူ လူနေအိမ်ခြေများ တိုးပွားလာလျက်ရှိနေသကဲ့သို့ စိုက်ပျိုးမြေအသုံးချမှုနှင့် ရေအသုံးချမှု မြင့်တက်လာလျက်ရှိကြောင်း၊ ထို့ကြောင့် အင်းလေးကန်၌ ရေဝေရေလဲဒေသ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကို သစ်တောသစ်ပင်ထိန်းသိမ်းမှု၊ သစ်ပင်များစိုက်ပျိုးမှုတို့ဖြင့် ပြန်လည်ကုစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် ဒေသခံများအတွက် ဝင်ငွေတိုးပွားစေပြီး သစ်တောသစ်ပင်အဖြစ်လည်း အကျိုးပြုစေနိုင်မည့် သစ်ကြား၊ မက္ကာဒေးမီးယားကဲ့သို့သောအပင်များကို တစ်အုပ်တစ်မ စိုက်ပျိုးနိုင်အောင် စီမံချက်ချ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း တိုးပွားလာနေသည့် လူဦးရေအတွက် Village Plan ရေးဆွဲပြီး စနစ်တကျ နေရာချထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

၎င်းကန်ကြီးသည် ပတ်ဝန်းကျင်ရှိဒေသခံပြည်သူများကို အလုပ်အကျွေးပြုနေသည့် ကန်ကြီးဖြစ်ရာ ၎င်းဒေသနှင့် ၎င်းပတ်ဝန်းကျင်၏ အနာဂတ်အတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အလေးအနက်ထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ယနေ့အခါတွင် ရာသီဥတုအခြေအနေမှာ အစိုးမရသည့်အတွက် ၎င်းရေကန်ကြီး ရေရှည်တည်တံ့အောင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပြုပြင်သည့်အပိုင်းနှင့် ထိန်းသိမ်းသည့်အပိုင်း နှစ်ပိုင်းလုံးဟန်ချက်ညီ စဉ်ဆက်မပြတ် တွန်းအားပေးဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်များဖြင့် တောင်ကြီးမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတ၏ အင်းလေးကန်ခရီးစဉ်အတွင်း ဒေသလိုအပ်ချက်ဖြစ်သည့် အင်းတောင်ပိုင်း လျှပ်စစ်မီးရရှိရေးအတွက် အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မီးဆက်သွယ်ရန်အခက်အခဲရှိသည့် နေရာများအတွက် ဆိုလာစွမ်းအင်သုံးလျှပ်စစ်မီးများ အသုံးပြုနိုင်ရေးဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများအား တာဝန်ပေးလမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

လမ်းညွှန် မှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖောင်တော်ဦးဘုရား ရင်ပြင်တော်ရှိ ဇလသာလာခန်းမ၌ တာဝန်ရှိသူများအား အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားစဉ်။
(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် အကျဉ်း

၁၁-၃-၂၀၁၂ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် "ယောဆရာတော် ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်"
- ၈:၂၀ ၂။ "သာယာလှပ စစ်ကိုင်းတိုင်း ဒေသ ပုလဲအလှဧကရီ တနသ်ာရီ"
- ၈:၃၀ ၃။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၄။ International News

နေ့လယ်ပိုင်း

- ၁၁:၃၀ ၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရဲ့ထောက်ဘတ်ကျောင်ဂွန်း" (အပိုင်း-၅၇)**
- ၁၂:၂၀ ၂။ ဖန်တီးမှုရဲ့ လျှို့ဝှက်ချက်
- ၁၂:၄၅ ၃။ မြန်မာရုပ်ရှင် "မှဲ့တစ်ပေါက်" (ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ဒေစီကျော်ဝင်း၊ ဦးကျောက်လုံး) (ဒါရိုက်တာ-ခင်စိုး)
- ၂:၅၀ ၄။ International News

ညပိုင်း

- ၄:၂၅ ၁။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာအထူးပြု) (အင်္ဂလိပ်စာ)
- ၄:၄၅ ၂။ "လက်တစ်ကမ်း"
- ၅:၀၀ ၃။ (၆၇)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၂၀ ၄။ တစ်မျက်နှာ တစ်ကွက်စာ "ဉပါဒါန်လား နိမိတ်လား" (ဦးဝင်းမြိုင်၊ ဒေါ်ဒယ်ဘီ၊ နော်လီဇာ၊ စွမ်းရည်) [ဒါရိုက်တာ-မေတင်(MMG)]
- ၆:၄၀။ ၅။ နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ချိုချိုကြင်နာပို" (အပိုင်း-၂၀)
- ၇:၃၀ ၆။ "အလင်းအားများရဲ့ စွမ်းအင်သစ် ရွှေကျင်ရေအားလျှပ်စစ်"
- ၇:၄၀ ၇။ "ဘယ်လိုမဲပေးကြမှာလဲ" (မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များ)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်
- ၁၀။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၉၉)**
- ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကြယ်ပွင့်လေးရဲ့ ဒိုင်ယာရီ"** (အပိုင်း-၂၂)

မိဘ ဦးပု-ဒေါ်တင်တင်၊ သမီး ဒေါ်ခင်ခင်ကြီးတို့အား ရည်စူး၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ်နေ ကျန်ရစ်သူသမီးများဖြစ်ကြသော ဒေါ်စိန်စိန်ဟန်၊ ဒေါ်ရီရီ၊ ဒေါ်ခင်ခင်လေး၊ ဒေါ်ခင်အေးဖုံတို့က ဇီဝိတဒါန သံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆွမ်းပဒေသာပင် အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အကျိုးဆောင်စာရင်းစစ် ဦးအေးမောင်သန်း လက်ခံစဉ်။
(သတင်းစဉ်)

စာမူများပေးပို့နိုင်

နေပြည်တော် မတ် ၁၀

ကျန်းမာရေးဝန်ကြီးဌာနသည် ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို နှစ်စဉ် ဧပြီ ၇ ရက်တွင် ကျင်းပပြီး အထိမ်းအမှတ်မဂ္ဂဇင်း ထုတ်ဝေမည်ဖြစ်သည်။ ယခုနှစ်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သက်ကြီးရွယ်အိုများ ကျန်းမာ၍ လူမှုဘဝမြင့်မားရေးအတွက် ဆောင်ရွက်ပေးကြရန် နှိုးဆော်ထားပြီး ခေါင်းစဉ်အနေဖြင့် "Ageing and Health" ဟု သတ်မှတ်ရွေးချယ်ထားရာ "သက်ကြီးသူတို့ ကျန်းမာဖို့၊ လူမှုဘဝမြင့်တင်စို့" ဟူ၍ မြန်မာဘာသာပြန်ဆိုထားသည်။

ကမ္ဘာ့ကျန်းမာရေး အဖွဲ့ကြီးက လာမည့် ၂၀၃၀ ခုနှစ်အရောက်တွင် သက်ကြီးရွယ်အိုဦးရေ အရေအတွက်သည် ကလေးဦးရေထက် ပိုမိုများပြားလာမည်ဟု အခိုင်အမာတွက်ချက်ထားပြီး သက်ကြီးရွယ်အိုများ၏ လူမှုရေး၊ ကျန်းမာရေး၊ စားဝတ်နေရေး ပြဿနာများ ဖြေရှင်းနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိကြရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရေးအတွက် "သက်ကြီးသူတို့ ကျန်းမာဖို့၊ လူမှုဘဝ မြှင့်တင်စို့" ဟူသော ဆောင်ပုဒ်နှင့်အညီ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး၊ စာမူများကို ဝါသနာရှင်၊ ပညာရှင်များအနေဖြင့် ရေးသား၍ မတ် ၁၅ ရက် နောက်ဆုံးထားကာ ဒုတိယညွှန်ကြားရေးမှူး ဗဟိုကျန်းမာရေးပညာဌာန ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန နေပြည်တော် ဖုန်း-၀၆၇-၄၁၁၁၃၈၂ သို့ ဆက်သွယ်ပေးပို့နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဖောင်တော်ဦးဘုရားရင်ပြင်တော်ရှိ နမ့်ဟူးကျောင်းဆောင်၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်နှင့် ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်တို့ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

❍ **ရှမ်းပြည်နယ်မှ**

ထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ရေးသည် ယနေ့ပြည်သူ၏ အဓိကလိုလားချက်ဆန္ဒ ဖြစ်နေသည့်အတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် အောင်မြင်အောင်မဖြစ်မနေ ကြိုးပမ်းလုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ပင်ဖြစ်ပါကြောင်း၊ ယခုအခါ မိမိတို့နှင့် ငြိမ်းချမ်းရေးဆွေးနွေးလျက်ရှိသည့် လက်နက်ကိုင်အဖွဲ့ (၉)ဖွဲ့ရှိပြီး ၎င်းအဖွဲ့ အားလုံးအနေဖြင့် ပြည်ထောင်စုကြီးမှ မည်သည့်အခါမျှခွဲမထွက်ရန်နှင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံယုံကြည်ရန်ဟူသည့် အခြေခံအချက်နှစ်ချက်ကို လက်ခံခဲ့ကြပြီးဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအားလုံးသည် အိမ်ကြီးတစ်အိမ်အတွင်း အတူတကွနေထိုင်ကြသည့် အိမ်ထောင်စုဝင်မိသားစုများဖြစ်ကြသည့်အားလျော်စွာ တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်လိုသည့် တူညီသောခံယူချက်များရှိကြပါကြောင်း၊ ယနေ့အချိန်တွင် လက်နက်ကိုင်အဖွဲ့အစည်းများ ကွဲပြားနေသေးသော်လည်း တစ်ချိန်ချိန်တွင် အခြေခံဥပဒေအရ တပ်မတော်တစ်ခုတည်းသာရှိရမည်ဖြစ်ပါကြောင်း၊ မိမိတို့ကိုင်စွဲထားသည့် လက်နက်များသည် ကိုယ့်မိသားစုအချင်းချင်းအပြန်အလှန် ပစ်ခတ်တိုက်ခိုက်ကြရန်အတွက် မဟုတ်ဘဲ တိုင်းပြည်ကိုကာကွယ်စောင့်ရှောက်ရန်အတွက်သာဖြစ်စေရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်ကငြိမ်းချမ်းရေးကို အတိုင်းအတာတစ်ခုအထိ တည်ဆောက်နိုင်ခဲ့သကဲ့သို့ ပြည်တွင်းနိုင်ငံရေး တည်ငြိမ်မှုလည်း အထိုက်အလျောက်ရရှိနေပြီ ဖြစ်ပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု ရရှိစေရန်အတွက် နိုင်ငံရေးအင်အားစုများအားလုံးလက်ခံနိုင်သည့် ဘုံရည်မှန်းချက်ထားရှိပြီး မတူတာကိုဘေးဖယ်၍ တူညီတာကို လက်တွဲပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါကြောင်း၊ ပြည်တွင်းနိုင်ငံရေးတည်ငြိမ်အေးချမ်းမှုရှိလာသည်နှင့်အမျှ ပြည်ပနှင့်ထိတွေ့ဆက်ဆံမှု၊ နားလည်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုများလည်း ပိုမိုတိုးပွားဖြစ်ထွန်းလျက်ရှိပါကြောင်း၊ ယနေ့အချိန်တွင် နိုင်ငံတကာက မိမိတို့မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရန်စိတ်ဝင်စားမှု မြင့်တက်လာလျက်ရှိပါကြောင်း။

မိမိတို့အနေဖြင့် ကြွယ်ဝလှသည့် သယံဇာတများအပေါ် အခြေခံပြီး စက်ရုံ၊ အလုပ်ရုံများတည်ထောင်ရန် အခွင့်အလမ်းများစွာ ပိုင်ဆိုင်လျက်ရှိပါကြောင်း၊ အနာဂတ်ဈေးကွက်ကို ကြိုတင်မျှော်မှန်းပြီး ရော်ဘာ၊ ဆီအုန်းစသည့် စက်မှုကုန်ကြမ်းသီးနှံများကို တိုးချဲ့စိုက်ပျိုးကာ ခေတ်မီစက်ရုံများ တည်ဆောက်၍ Value Added ထုတ်လုပ်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးကို အရှိန်အဟုန်မပျက်တိုးတက်အောင် ဆောင်ရွက်ရင်း ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရန်လည်း ရည်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ စိုက်ပျိုးရေးသည် စားနပ်ရိက္ခာလုံခြုံရေးအတွက် မရှိမဖြစ်အရေးပါလျက်ရှိရာ တစ်နေ့တခြား တိုးတက်လာနေသည့် လူဦးရေအတွက်ရည်မှန်း၍ အလေးထားကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စိတ်ဓာတ်ပြောင်းလဲမှု၊ မြေယာပြုပြင်ပြောင်းလဲမှု၊ စက်မှုလယ်ယာစနစ်ပြောင်းလဲမှု၊ အထွက်တိုး မျိုးကောင်းမျိုးသန့်များပြောင်းလဲမှု စသဖြင့် ဘက်ပေါင်းစုံ ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်မှသာ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ပြီး စိုက်ပျိုးရေးထုတ်ကုန်အခြေခံစက်မှုနိုင်ငံအဖြစ်သို့ အောင်မြင်စွာကူးပြောင်းနိုင်မည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုလုပ်ငန်းကဏ္ဍအားလုံးအတွက် ဖွံ့ဖြိုးလာစေရန် အခြေခံကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ရာ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိလာသည်နှင့်အမျှ ပြည်နယ်တစ်ခုလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း၊ အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန် ကောင်းမွန်စေရေးအတွက် ပြည်တွင်းအားသာမက ပြည်ပရင်းနှီးမြှုပ်နှံမှုများကိုပါ ဖိတ်ခေါ်ပြီး ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ပါကြောင်း၊ နိုင်ငံသားတိုင်း အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနိုင်စေရန် နိုင်ငံတစ်နံတစ်လျား စက်မှုဇုန်များထူထောင်တည်ဆောက်နေပြီ ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ် ပေါ်ထွန်းလာရေး၊ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကအရင်းအမြစ်ဖြစ်သည့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဟန်ချက်ညီညီဖော်ဆောင်ကြရန်ဖြစ်ပါကြောင်း၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ပါက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း၊ ရေမြင့်မှ ကြာတင့်ဆိုသကဲ့သို့ တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်သူများ၊ ဝန်ထမ်းများ၏ လူမှုစီးပွားဘဝလည်း တစ်ပြေးညီ မြင့်မားတိုးတက်လာမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်နယ်အတွင်းရှိ စီးပွားရေးအခွင့်အလမ်းများကို အပြည့်အဝအသုံးချပြီး ဘက်စုံထောင့်စုံမှ ဖွံ့ဖြိုးတိုးတက်လာစေရန် အားလုံးက တက်ညီလက်ညီဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

(သတင်းစဉ်)

❐ **ကျောဖုံးမှ**

လိုလားတောင့်တလျက်ရှိသည့် အဓိကဆန္ဒနှစ်ရပ်ကို ဖြည့်ဆည်းနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပထမဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းလုံခြုံမှုအတွက် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုကို ကြိုးပမ်းရယူတည်ဆောက်ခဲ့ကြောင်း၊ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး၊ ထာဝရလျက်ရှိပါကြောင်း၊ မိမိတို့၏ စေတနာနှင့် ရပ်တည်ချက်မှန်ကန်မှုကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးနှင့် အေးအေးချမ်းချမ်း တည်ငြိမ်မှုမပျက် ငြိမ်းချမ်းရေး ဆောင်ရွက်နိုင်ပြီး နောက်ဆုံးတွင်ထာဝရငြိမ်းချမ်းရေး ရရှိအောင် ကြိုးပမ်းတည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်း။

ယနေ့ပြည်သူ၏ ဒုတိယအဓိကဆန္ဒကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်အတူ တစ်ပြိုင်တည်း ပေါ်ပေါက်လာမည့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပိုမိုအားပေး မြှင့်တင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသအတွင်း ပညာရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာအောင် ပြုစုပျိုးထောင်အသေးစားရေအားလျှပ်စစ် စီမံကိန်းများ ဆောင်ရွက်ရန်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ဦးအောင်ခမ်းထီအား ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် Lap Top များ၊ Sky Net ရုပ်မြင်သံကြားဖမ်းစက်နှင့် အမှတ်တရလက်ဆောင်များကို ပေးအပ်ပြီး ဦးအောင်ခမ်းထီက ပအိုဝ်းတိုင်းရင်းသားဝတ်စုံကို ဂါရဝလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဦးအောင်ခမ်းထီနှင့် အဖွဲ့ဝင်များအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များအား တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။
(သတင်းစဉ်)

ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးစသည့် လုပ်ငန်းစဉ်များကို အလေးပေးဆောင်ရွက်ခဲ့သည့်အပြင် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်၌ ပါဝင်သင့်ပါဝင်နိုင်သူအားလုံးပူးပေါင်းပါဝင်ခွင့် ရရှိရေးကိုလည်း ကြိုးပမ်းတည်ဆောက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ပြည်တွင်းနိုင်ငံရေးတည်ငြိမ်မှုအခြေအနေတစ်ရပ်သို့ ရောက်ရှိခဲ့ပြီး တစ်ဖက်ကလည်း မိမိတို့နိုင်ငံအပေါ် ပြည်ပနိုင်ငံတကာ၏ သဘောထားအမြင်များပါ ပြောင်းလဲလာခဲ့ပါကြောင်း၊ အမျိုးသားပြန်လည်ပေါင်းစည်း ညီညွတ်ရေးနှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် အားလုံးပါဝင်ခွင့်ရရှိရေးကို ရည်ရွယ်ပြီး လွတ်ငြိမ်းချမ်းသာခွင့် (၄)ကြိမ်ထုတ်ပြန်လျက် အကျဉ်းသားပေါင်း ၂၈၀၀၀ ကျော်ကို လွတ်ငြိမ်းချမ်းသာခွင့်ပြုခဲ့ပြီး ဖြစ်ပါကြောင်း။

တစ်ဖက်ကလည်း နိုင်ငံတော်ကို လက်နက်ကိုင် ဆန့်ကျင်နေသည့်အဖွဲ့များနှင့် ဖိတ်ခေါ်တွေ့ဆုံညှိနှိုင်းပြီး ထာဝရငြိမ်းချမ်းရေးရယူတည်ဆောက်နိုင်အောင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်နယ်အဆင့်တွေ့ဆုံဆွေးနွေးမှု၊ ပြည်ထောင်စုအဆင့်တွေ့ဆုံဆွေးနွေးမှုနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ပြည်ထောင်စုလွှတ်တော်တွင် သဘောတူလက်မှတ်ရေးထိုးမှုဟူသည့် အဆင့်(၃)ဆင့် ချမှတ်ဆောင်ရွက်လျက်ရှိရာ လက်ရှိအခြေအနေတွင် ငြိမ်းချမ်းရေးဆွေးနွေးဖော်ဆောင်မှုများ အတိုင်းအတာတစ်ခုအထိ အောင်မြင်ဖြစ်သည့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အဘက်ဘက်မှ ပြုပြင်ပြောင်းလဲ ဖော်ဆောင်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့်အတူ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝအဆင့်ပြေချောမွေ့စေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ လောလောဆယ်တွင် ဘားအံ၊ သက်နှင်းညီနောင်၊ ဘုရားသုံးဆူတို့တွင် အနည်းဆုံး စက်ရုံ ၁၀ ရုံဝန်းကျင်ပါဝင်သည့် စက်ရုံစုများ ထူထောင်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်ပြီး စက်ရုံထုတ်ကုန်များအတွက် ကျယ်ပြန့်သည့် ဈေးကွက်ရရှိရန်လည်း ဖော်ဆောင်ပေးသွားမည် ဖြစ်ပါကြောင်း၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဥပမာအားဖြင့် ခနောက်စိမ်း၊ ခဲမဖြူ သတ္တုတူးဖော်သန့်စင်စက်ရုံများ တည်နိုင်သကဲ့သို့ ဟင်းသီးဟင်းရွက်၊ သီးနှံများကို အခြေခံပြီး တန်ဖိုးမြှင့်ထုတ်လုပ်နိုင်သည့် စက်ရုံများ၊ သစ်အချောထည်တန်ဖိုးမြှင့်စက်ရုံများ၊ မွေးမြူရေးကိုအခြေခံပြီး နို့နှင့်နို့ထွက်ပစ္စည်းစက်ရုံ၊ အသားစည်သွတ်စက်ရုံများစသဖြင့် ဒေသနှင့်ကိုက်ညီသည့် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သေနတ်သံစဲသွားပြီဆိုပါက ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများလည်း အင်တိုက်အားတိုက် ဝင်ရောက်လာမည်ဖြစ်ပါမြှင့်တင်ပေးရန်လိုအပ်ပါကြောင်း။

တိုင်းပြည် တည်ငြိမ်အေးချမ်းမှုကို ဖော်ဆောင်ပြီးပါက ဒုတိယအဆင့်အနေဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တတိယအဆင့်အနေဖြင့် တိုင်းပြည် ကြွယ်ဝချမ်းသာလာရေးအတွက် ခေတ်မီစက်မှုနိုင်ငံထူထောင်ရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်းက ခနောက်စိမ်း၊ ခဲမဖြူ ထုတ်လုပ်မှုများအတွက် အခွန်ရာဖြတ်နှုန်းကို ပြန်လည်ညှိနှိုင်းပေးပါရန် တင်ပြချက်နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက မိမိတို့အစိုးရလက်ထက်တွင် အခွန်နှင့်စပ်လျဉ်း၍ နှုန်းထားလျှော့ချပြီး အခွန်ထမ်းများအားလုံးက ပူးပေါင်းပါဝင်အခွန်ပေးဆောင်စေရန် ပြုပြင်ပြောင်းလဲဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကိစ္စအတွက်လည်း အပြည်ပြည်ဆိုင်ရာတန်ဖိုးများနှင့် ညှိနှိုင်းပြီးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးပြီး သတ္တုလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတွန်းအားပေးဆောင်ရွက်ရင်း ဘိန်းစိုက်ပျိုးမှုလျှော့နည်းပပျောက်အောင်ဆောင်ရွက်ရန်၊ ဘိန်းအစားထိုးသီးနှံအဖြစ် နှစ်ရှည်ပင်ဖြစ်သည့် သစ်ကြားသီး၊ မက္ကာဒေးမီးယား စသည်တို့ကို စမ်းသပ်စိုက်ပျိုးကြရန်နှင့်

နွေရာသီအားကစားသင်တန်းများဖွင့်

နေပြည်တော် မတ် ၁၀

၂၀၁၂ ခုနှစ် တနင်္သာရီတိုင်းဒေသကြီး နွေရာသီအားကစားသင်တန်းများဖွင့်ပွဲကို မတ် ၆ ရက် နံနက် ၉ နာရီတွင် ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး အားကစားခန်းမ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို တက်ရောက်၍ အမှာစကားပြောကြားသည်။ နွေရာသီအားကစားသင်တန်းတွင် အားကစားနည်း ၁၅ မျိုးကို သင်ကြားပို့ချမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၂၉၃ ဦး တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှုနှင့် အမျိုးသမီးများဘဝတိုးတက်ရေး ဆက်လက်မြှင့်တင် တိုင်းပြည်အတွက် ကျရာတာဝန်များကို လက်တွဲပူးပေါင်း၍ စံနမူနာပြ လုပ်ဆောင်

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့တို့နှင့် မတ် ၉ ရက် မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး၌ တွေ့ဆုံရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်ဖြူဖြူညွန့်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦး၊ ပြည်နယ်/ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ပြည်နယ်/ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များအား တွေ့ဆုံရသည့်အတွက် ဝမ်းသာဂုဏ်ယူမိကြောင်း၊ ရှမ်းပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့သည် အစဉ်အလာအရ လုပ်ငန်းများအောင်မြင်စွာ ဆောင်ရွက်လျက်ရှိသည်ကို မိမိ ဗဟိုတွင်ရှိစဉ်ကတည်းက သိရှိခဲ့ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် အမျိုးသမီးများဘဝတိုးတက်ရေးလုပ်ငန်းများကို ဆက်လက်မြှင့်တင်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ တိုင်းပြည်အတွက် ကျရာတာဝန်များကို လက်တွဲပူးပေါင်း၍ စံနမူနာပြ အတူလုပ်ဆောင်သွားရန် တိုက်တွန်းပါကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ် မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယကနှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌတို့က လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းက အမျိုးသမီးရေးရာလုပ်ငန်းများနှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်စေရေး၊ လူငယ်မျိုးဆက်သစ် အမျိုးသမီးများနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများ၊ ကျန်းမာရေးနှင့် ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများအား နားလည်စွဲမြဲအောင်စည်းရုံးဆောင်ရွက်ရေး၊ ပြည်ပ ပညာတော်သင် အခွင့်အလမ်းများအတွက် အင်္ဂလိပ်စာသင်တန်းများ ဖွင့်လှစ်ပို့ချလေ့ကျင့်ရေး၊ နယ်စပ်နှင့်နီးကပ်သောဒေသဖြစ်၍ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ရေး၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများကို ထိန်းသိမ်းမြှင့်တင်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရေး၊ သစ်သီးပုံဖော်မှုလုပ်ငန်းကို ရိုးရာလက်မှုပညာရပ်တစ်ခုအဖြစ် ဖော်ထုတ်မြှင့်တင်ရေး၊ ကျေးလက်ဒေသများတွင် မူလတန်းပညာရေး၊ ကိုယ်ဝန်ဆောင်မိခင်များ စောင့်ရှောက်ရေးနှင့် သန့်(၄)သန့်လုပ်ငန်းများကို အင်တိုက်အားတိုက်ဆောင်ရွက်ရေးနှင့် အမျိုးသမီးများ၏ဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ အလှူငွေများပေးအပ်ရာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ တာဝန်ရှိသူများက လက်ခံကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ရုံးအတွင်းရှိ ဆွယ်တာထိုးစက်နှင့် အထည်ချုပ်စက်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တွေ့ဆုံမှာကြား

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်း ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့အား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

နေပြည်တော် မတ် ၁၀

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဒေါ်မြင့်ကြည်အား အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန လူ့အခွင့်အရေးနှင့်လူသားချင်း စာနာထောက်ထားမှုဌာန ဒုတိယညွှန်ကြားရေးမှူး Mr.Bonanza Taiohitu နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဒီမိုကရေစီ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများ၊ နှစ်နိုင်ငံရွေးကောက်ပွဲကော်မရှင်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။**(ယာပုံ)**

(သတင်းစဉ်)

နောင်မှ နောင်တမရစေချင်

တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၂ ရက်နေ့မှစ၍ မြန်မာတစ်နိုင်ငံလုံး တစ်ချိန်တည်း တစ်ပြိုင်တည်း ဖြေကြရပေတော့မည်။

မိမိတို့၏ ဘဝတစ်သက်တာအတွက် အလှည့်အပြောင်းတစ်ခုကို ဖြတ်ကျော်ရမည့်အချိန်ကာလတစ်ခုလည်း ဖြစ်ပေသည်။ မိမိတို့ငယ်စဉ် ၁၀ တန်းစာမေးပွဲဖြေဆိုစဉ်က ၁၀ တန်းစာမေးပွဲသည် နတ်ကြီးသည်၊ အမှားအယွင်းမခံဟု လူကြီးမိဘများ ပြောခဲ့သည်ကို ကြားသိခဲ့ရသည်။ အခက်အခဲကို ကျော်ဖြတ်နိုင်ရန် အကြောက်အလန့်ကြီးမားစွာဖြင့် အထူးဝါယမ စိုက်ထုတ်ကြိုးစားခဲ့ရသည်မှာ ၁၀ တန်းစာမေးပွဲဖြေဆိုမည့်သူတစ်ယောက်တည်း မဟုတ်၊ ကာယကံရှင်သာ စာကျက်ရသည်၊ အအိပ်အစားပျက်ခဲ့သည်မဟုတ်၊ တစ်အိမ်လုံးမနေရ၊ စိတ်ပန်း၊ လူပန်းဖြစ်ခဲ့ရသည်။ ယင်းကဲ့သို့ ခက်ခက်ခဲခဲ ပင်ပင်ပန်းပန်းကြိုးစားဖြတ်ကျော်ခဲ့ပြီးမှ မိမိတို့လိုရာပန်းတိုင်သို့ ရောက်ကြရသည်။ အချို့ ရည်မှန်းချက်နှင့် လွဲခဲ့ရသည့် ကျောင်းသား ကျောင်းသူများလည်း ဒုနှင့်ဒေးရှိခဲ့သည်။

မိမိတို့ လမ်းထဲတွင် သာဓကတစ်ခုရှိခဲ့ဖူးသည်။ ဆရာလည်းဟုတ်၊ အစ်ကိုလည်းဟုတ်ဟု ပြော၍ရသော အစ်ကိုတစ်ယောက် ၁၀ တန်းစာမေးပွဲကို နေ့ရောညပါ အသည်းအသန်ကြိုးစားကျက်မှတ်ပြီး ဂုဏ်ထူးလေးခုဖြင့် နှစ်ချင်းပေါက်အောင်ခဲ့သည်။ အမှတ်စာရင်းများ မထွက်မီအထိ ၎င်းကိုယ်တိုင် ဆရာဝန်ဖြစ်မည်ဟု တစ်ထစ်ချယုံကြည်၍ အမှတ်စာရင်းမထွက်မီတစ်လျှောက်ဖားများခွဲစိတ်ခဲ့သည်။ ငါးများခွဲစိတ်ခဲ့သည်။ မြွေများခွဲစိတ်ခဲ့သည်။ မိမိတို့ ကိုယ်တွေ့မျက်မြင်ဖြစ်သည်။ အမှတ်စာရင်းထွက်၍ ဆရာဝန်လိုင်း မီမမီကို ကြည့်လိုက်သောအခါ သတ်မှတ်အမှတ် တစ်မှတ်အလိုဖြင့် မျှော်လင့်တောင့်တခဲ့သော ဆရာဝန်လိုင်းနှင့် လွဲ၍ အင်ဂျင်နီယာဘွဲ့သာရခဲ့သည်။

ဆိုလိုသည်မှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသားကျောင်းသူများအနေနှင့် ဆရာ ဆရာမများနှင့် မိဘများက ဆောင်ရန်၊ ရှောင်ရန်များကို ကြိမ်ဖန်များစွာ သတိပေးထားပြီး ဖြစ်သော်လည်း ပညာရှိသတိဖြစ်ခဲဆိုသလို သတိဟူသည် ပိုသည်မရှိ လိုသည်သာရှိပါသောကြောင့် မိမိအနေဖြင့် ကိုယ်တိုင်မြင်တွေ့ခဲ့ရသော အဖြစ်အပျက်ကို နမူနာထား၍ သတိပေးလိုက်ရခြင်းဖြစ်သည်။

စာမေးပွဲဖြေဆိုစဉ် ဘာသာရပ်တစ်ခုချင်းအလိုက် အသေးစိတ်စစ်ဆေးပါ။ အထပ်ထပ်အခါခါဖတ်ပါ။ အချိန်ပိုနေသည်ဟူ၍ ထိုင်မနေပါနှင့်။ ကြိမ်ဖန်များစွာစစ်ဆေးပြီး စိတ်ကျေနပ်ပြီဆိုမှ အဖြေလွှာကို အပ်ပါ။ လက်ရေးကို ပီသစွာရေးပါ။ နောင်မှရသည့် နောင်တမဖြစ်ပါစေနှင့်။

(မေနိုင်-စာနယ်ဇင်း)

နောက်ကျအနိုင်ဂိုးဖြင့် ကမ္ဘောဇနိုင်ပွဲပြန်ရ နေပြည်တော်အသင်း နိုင်ပွဲဆက်

ရန်ကုန် မတ် ၁၀

MNL Myanmar 2012 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ပွဲစဉ် (၉)ဒုတိယနေ့ပွဲစဉ်များကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်းနှင့် နေပြည်တော်ကွင်းတို့၌ ဆက်လက်ကျင်းပရာ ကမ္ဘောဇအသင်းက မကွေးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ နေပြည်တော်အသင်းက ဟံသာဝတီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်းနိုင်ပွဲများ အသီးသီးရရှိခဲ့သည်။

နေပြည်တော်နှင့် ဟံသာဝတီတို့ ယှဉ်ပြိုင်ကစားနေစဉ်။

သုံးပွဲဆက်နိုင်ပွဲပျောက်ထားသည့် ကမ္ဘောဇအသင်းမှာ နောက်ကျအနိုင်ဂိုးဖြင့် နိုင်ပွဲပြန်လည်ရရှိခဲ့သည်။ အမာခံကစားသမားအချို့မပါဝင်နိုင်၍ ကမ္ဘောဇအသင်း အားပျော့နေခဲ့ပြီး အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ ၂၄ မိနစ်တွင် တိုက်စစ်မှူး စိုးမင်းဦးက ကမ္ဘောဇအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း မကွေးအတွက် ချေပဂိုးကို ၅၄ မိနစ်တွင် ကိုနေးက ပြစ်ဒဏ်ဘောမှ တစ်ဆင့်သွင်းယူခဲ့သည်။ တစ်ယောက်လျော့သွားမှ မကွေးတို့ကစားပုံ ပိုကောင်းလာရာ ကမ္ဘောဇအသင်း အနိုင်ရရှိရန် ရုန်းကန်ခဲ့ရသည်။ အနိုင်ဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ခိုင်ဇော်ထွန်းက သွင်းယူပေးခဲ့သည်။

ရလဒ်ကောင်းများဆက်တိုက်ရရှိနေသည့် နေပြည်တော်အသင်း ယခုပွဲတွင်လည်း အိမ်ကွင်း၌ ခြေစွမ်းပြနိုင်ပွဲ ရယူနိုင်ခဲ့သည်။ ပထမပိုင်းတွင် နေပြည်တော်အသင်းက ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး တစ်လုံးတည်းသော အနိုင်ဂိုးကို မိနစ် ၄၀ တွင် စထက်နိုင်ဝင်းက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီတို့ ချေပဂိုးရရှိရန် ကြိုးစားခဲ့သော်လည်း အဆုံးသတ်အားနည်းခဲ့၍ ရှုံးပွဲကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

Southern - ဇေယျာရွှေမြေ

ဟောပြောပွဲကျင်းပမည်

ရန်ကုန် မတ် ၁၀

မြန်မာနိုင်ငံဆရာဝန်အသင်း (ဗဟို) ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာအဖွဲ့မှ ကြီးမှူးကျင်းပမည့် နှလုံးရောဂါဝေဒနာရှင်များ ပြန်လည်သန်စွမ်းရေး(Cardiac Rehabilitation) အတွက် ဉာဏ်သစ်လောင်း ဟောပြောပွဲကို မတ် ၁၇ရက် နံနက် ၈နာရီခွဲမှ မွန်းလွဲ ၁၂နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(အေ)၌ ကျင်းပမည်ဖြစ်ရာ ဆရာဝန်များ၊ ဆေးကျောင်းသားများ၊ အကြောကျွမ်းကျင်ပညာရှင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်လိုပါက မတ် ၁၇ ရက်နံနက် ၈ နာရီမှစ၍ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၌ မှတ်ပုံတင်နိုင်ကြောင်း သိရှိရသည်။

(မြန်မာနိုင်ငံဆရာဝန်အသင်း)

သတင်း ရှိုင်းထက်ဇော် ဓာတ်ပုံ ကိုကိုစိုးညွှန့်

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၁-၃-၂၀၁၂ (တနင်္ဂနွေနေ့)

AM & PM

၅း၄၀	"မျှတမှ တရားရ"တရားတော် (ဆရာတော်အရှင်ပုညာနန္ဒ)
၉း၁၀	CAPITAL POWER CO, LTD နှင့် YOUNG-IN ENGINEERING CO,LTDတို့၏ နည်းပညာ ပူးပေါင်းဆောင်ရွက်ခြင်း လက်မှတ်ရေးထိုးပွဲ
၁၀း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "မေခင်ကညာ"
၁၂း၃၀	အောင်စေတီဆရာတော်ကြီး၏ သာသနာပြုခရီးစဉ်
၃း၁၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်မေတ္တာဖြင့်လှစေသူ" (အပိုင်း-၁၀)**
၄း၀၀	MNL MYANMAR 2012 (Southern Myanmar Vs Zeyar Shwe Myay) (LIVE)
၆း၁၅	Sunday Talk (ဒေါက်တာခင်မောင်ညို၊ မျိုးမြတ်သူ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်တေးသံ ရင်ခုန်သံ" (အပိုင်း-၁၈)**
၈း၃၀	သွားမယ် စားမယ် (Orchid Restaurant Inya Lake)
၉း၁၀	Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းသုံးပွင့် လေညွှန်ရာ" (အပိုင်း-၉၅)**
၁၀း၂၅	Barclays Premier League Norwish Vs Wigan
၃း၅၀	ကလေးများအတွက် ပါးစပ်ထဲမှ သွားကလေးများအကြောင်း သိကောင်းစရာ (ဒေါက်တာမိုလာ)
၄း၃၅	အံ့ဖွယ်ထူးခြားမြေလတ်ဒေသဆီမှ ဘုရားများ

တွေ့ဆုံ မှာကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှု ကဏ္ဍအားလုံးဖွံ့ဖြိုးလာစေရန် အခြေခံကောင်းများပိုင်ဆိုင်ထား

ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပိုမိုရရှိလာသည်နှင့်အမျှ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်မြင့်မားလာမည်

အချိန်တိုအတွင်း ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကောင်းမွန်ရေးအတွက် ပြည်ပရင်းနှီးမြှုပ်နှံမှုများပါ ဖိတ်ခေါ်ဆောင်ရွက်

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မတ် ၉ ရက် ည ၈ နာရီတွင် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာ၌ ရှမ်းပြည်နယ် အစိုးရအဖွဲ့အား တွေ့ဆုံမှာကြားသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ရှမ်းပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အတူ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်ချုပ်တရားသူကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုများ၊ လစဉ် ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုများ၊ အစိုးရအဖွဲ့ ယန္တရား မှန်ကန်စွာလည်ပတ်ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် မိမိတို့ အစိုးရသည် ပြည်သူလူထုက ရွေးကောက်တင်မြှောက်လိုက်သည့် ပြည်သူ့ အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ့အကျိုးကို လိုလိုလားလား ထမ်းဆောင်ပြီး မိဘပြည်သူအားလုံး၏လိုလားချက်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့ဖြစ်ပွားလျက်ရှိသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်ကတည်းကပင် အကြောင်းအမျိုးမျိုးဖြင့် ဖြစ်ပွားပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းပဋိပက္ခများချုပ်ငြိမ်းပြီး ငြိမ်းချမ်းရေးရရှိနိုင်ရန် အတွက် အစိုးရအဆက်ဆက်သည် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့ပါကြောင်း၊ အစိုးရအဆက်ဆက်ဆောင်ရွက်ချက်များကို ပြန်လည်သုံးသပ်ကြည့်ပါက အောင်မြင်သည်များရှိသကဲ့သို့ မအောင်မြင်သည်များလည်းရှိခဲ့ပါကြောင်း၊ သို့သော် အဆိုပါလက်နက်ကိုင် ပဋိပက္ခများ ချုပ်ငြိမ်း၍

စာမျက်နှာ ၉ ကော်လံ ၅ သို့

တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး သေနတ်သံစဲသွားပြီဆိုပါက ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ အင်တိုက်အားတိုက်ဝင်လာမည်

တိုင်းပြည်တည်ငြိမ်အေးချမ်းမှု ဖော်ဆောင်ပြီးပါက ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်

တတိယအဆင့်အနေဖြင့် တိုင်းပြည်ကြွယ်ဝချမ်းသာလာရေးအတွက် ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရမည်

နေပြည်တော် မတ် ၁၀

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတမြန်မာ နိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသား ခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အဖွဲ့ဝင်များအား မတ် ၉ ရက် ညနေ ၃ နာရီ မိနစ် ၂၀ တွင် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်မြင့်၊ ဦးတင်နိုင်သိန်းနှင့် ဦးခင်မောင်စိုး၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီနှင့်အတူ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်စံလွင်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်းထွန်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်သိန်းဖေနှင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဝင် ဦးခွန်လာတို့ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတက ဦးအောင်ခမ်းထီ၏ ကျန်းမာရေးအခြေအနေနှင့် စပ်လျဉ်း၍ ရင်းနှီးနွေးထွေးစွာမေးမြန်းအားပေးနှုတ်ဆက်သည်။ ဆက်လက်၍ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် လျှပ်စစ်မီးရရှိရေးနှင့် အရှည် ၈၈ မိုင်ရှိ ကျွန်းတောင်-ကျောက်တလုံး-နောင်ယာဆိုင်း-ဆိုက်ခေါင်-ဟိုနမ့်-မောက်မယ်လမ်းအား လက်ရှိကျောက်ကြမ်းလမ်းအဆင့်မှ ရာသီမရွေးသွားလာနိုင်သည့် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက်လုပ်ပေးရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများက အမြန်အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတက ရှင်းလင်းဆွေးနွေးရာတွင် မိမိတို့အစိုးရသည် စတင်တာဝန်ယူချိန်မှစ၍ ပြည်သူအများ

စာမျက်နှာ ၉ ကော်လံ ၁ သို့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီထံ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွက် Sky Net ရုပ်မြင်သံကြားဖမ်းစက် ပေးအပ်စဉ်။ (သတင်းစဉ်)